# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၄)


## အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အကြောင်းအမျိုးမျိုးကြောင့် ဌာနမှကင်းကွာနေသည့် ဝန်ထမ်းများအား ပြစ်မှုကျူးလွန်ခြင်းမရှိပါက အမည်မည်းစာရင်း (Black Lists) မှ ဖြေလျှော့ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက် မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း (Black Lists) တွင် ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေကြောင်း သိရှိရပါသည်။

၂။ အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများအား စိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသည့်ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများအား အမည်မည်းစာရင်း (Black Lists) မှ ဖြေလျှော့ပေးလျက်ရှိပါသည်။

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**


ယနေ့ ဖတ်စရာ

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ** — ပြည်တွင်းသတင်း စာ ၃

**ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်လိုအပ်** — ဆောင်းပါး စာ ၆

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (အပိုင်း ၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ** — ပြည်တွင်းသတင်း စာ ၇




## ထန်းတပင်မြို့နယ်၌ တောင်သူများ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေးအတွက် မြေဩဇာများ လက်တွေ့ကြဲပက်ပြသ

ထန်းတပင်(ရန်ကုန်) ဇန်နဝါရီ ၃၁

စပါးပင်သက်တမ်းတစ်လျှောက် တောင်သူများ ဓာတ်မြေဩဇာကို စနစ်တကျသုံးစွဲတတ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေပေါ်သောင်ကျေးရွာရှိ နွေစပါးဧက ၁၀၀ စံပြကွက်တွင် မြေဩဇာလက်တွေ့ကြဲပက်ပွဲနှင့် ဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။


စာမျက်နှာ ၅ ကော်လံ ၁ ❖





# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၇ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးဝင်းနိုင် | ၇/ကကန(နိုင်)<br>၀၂၆၇၁၄ | ကျောက်ကြီးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးဘုန်းမြင့်ဦး | ၇/ကတခ(နိုင်)<br>၀၀၁၁၄၈ | ကျောက်တံခါးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်မင်းနိုင် | ၇/ဖမန(နိုင်)<br>၀၉၆၀၉၂ | ဖြူးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဒေါ်ခင်ခင်ဝင်း | ၇/ပခန(နိုင်)<br>၁၄၄၇၀၃ | အုတ်တွင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးအုန်းသွင် | ၇/သကန(နိုင်)<br>၀၂၈၅၀၁ | သဲကုန်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးသက်တိုးဝင်း | ၇/ဝမန(နိုင်)<br>၀၀၂၃၆၆ | ဝေါမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်စိုးထက် | ၇/ကပက(နိုင်)<br>၀၆၄၀၁၆ | ကြို့ပင်ကောက်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးအောင်ကို | ၇/ပတတ(နိုင်)<br>၁၀၅၆၈၂ | အုတ်ဖိုမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)** | | | | |
| (၉) | ဦးကျော်ငွေး | ၇/ဖမန(နိုင်)<br>၀၂၉၉၂၄ | ဖြူးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးသန့်ဇော်မင်း | ၇/တငန(နိုင်)<br>၁၃၀၆၂၁ | တောင်ငူမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသောင်းဝင်း | ၇/တငန(နိုင်)<br>၀၇၈၆၅၃ | ရေတာရှည်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၁၂) | ဦးဇော်မင်းသက် | ၇/အတန(နိုင်)<br>၁၄၀၆၂၂ | အုတ်တွင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၁၃) | ဦးမျိုးမျိုးသိန်း | ၇/ရတရ(နိုင်)<br>၀၁၀၅၃၈ | ထန်းတပင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ<br>လယ်သမားဖွံ့ဖြိုး<br>တိုးတက်ရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)** | | | | |
| (၁၄) | ဦးကျော်စိုး | ၇/သဝတ(နိုင်)<br>၀၆၅၂၃၈ | လက်ပံတန်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးသက်ပိုင်ထွေး | ၇/မညန(နိုင်)<br>၁၀၆၆၇၁ | သာယာဝတီမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးအောင်ဇေယျ | ၇/လပတ(နိုင်)<br>၀၀၇၈၂၅ | မိုးညိုမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၁၇) | ဦးရန်နိုင်ဝင်း | ၁၂/မဂဒ(နိုင်)<br>၀၀၄၆၉၂ | မင်းလှမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ဖက်ဒရယ်ဒီမိုကရက်တစ်<br>ပါတီ |
| (၁၈) | ဒေါ်လွှယ်လွှယ်ဝင်း | ၇/သဝတ(နိုင်)<br>၀၀၁၃၅၀ | ကြို့ပင်ကောက်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၁၉) | ဦးမျိုးဝင်းသန်း | ၇/သဝတ(နိုင်)<br>၀၇၁၆၀၈ | အုတ်ဖိုမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |
| **ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃)** | | | | |
| (၂၀) | ဦးမင်းအောင် | ၇/ဒဥန(နိုင်)<br>၀၀၇၃၅၆ | ကျောက်တံခါးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးမြင့်စိုး | ၇/ညလပ(နိုင်)<br>၀၇၈၆၉၆ | ညောင်လေးပင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးခိုင်မိုး | ၇/ရကန(နိုင်)<br>၀၀၂၄၉၆ | ဒိုက်ဦးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၃) | ဦးလှမိုးအောင် | ၁၂/အစန(နိုင်)<br>၀၁၁၃၉၆ | ရွှေကျင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ဖက်ဒရယ်ဒီမိုကရက်တစ်<br>ပါတီ |
| (၂၄) | ဦးကျော်လင်းခန့် | ၇/ဒဥန(နိုင်)<br>၁၀၆၉၇၈ | ကျောက်ကြီးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၄)** | | | | |
| (၂၅) | ဒေါက်တာ<br>ထူးခြားအောင် | ၇/ပမန(နိုင်)<br>၁၂၈၉၀၁ | ပဲခူးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးအောင်ညီညီစိုး | ၇/ပခန(နိုင်)<br>၂၆၆၆၃၁ | ကဝမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးနေဝင်း | ၇/သနပ(နိုင်)<br>၀၀၇၃၉၁ | ဝေါမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၈) | ဦးမျိုးသိန်းဦး | ၇/ပခန(နိုင်)<br>၀၀၄၀၆၂ | သနပ်ပင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| **ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၅)** | | | | |
| (၂၉) | ဦးကျော်ကျော်လင်း | ၇/ထတပ(နိုင်)<br>၀၀၀၁၃၂ | ပြည်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးမျိုးမင်းဇော် | ၇/ပတတ(နိုင်)<br>၁၆၉၄၇၈ | နတ်တလင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးခင်အောင်ဝင်း | ၇/ရတန(နိုင်)<br>၀၀၇၈၆၉ | ပန်းတောင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးထွန်းမင်းဇော် | ၇/သကန(နိုင်)<br>၀၉၀၄၁၆ | ပေါင်းတည်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးရဲဝင်း | ၇/ပမန(နိုင်)<br>၁၄၃၃၇၃ | သဲကုန်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၃၄) | ဦးမျိုးခိုင် | ၇/ရတန(နိုင်)<br>၀၇၈၈၈၆ | ရွှေတောင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၅) | ဦးကျော်စွာလင်း | ၇/ပမန(နိုင်)<br>၁၁၈၃၆၁ | ပေါက်ခေါင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ဖက်ဒရယ်ဒီမိုကရက်တစ်<br>ပါတီ |
| (၃၆) | ဒေါ်နီနီချို | ၇/ကပက(နိုင်)<br>၀၆၄၂၂၇ | ဇီးကုန်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |
| **မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၇) | ဦးသန်းဦး | ၅/တဆန(နိုင်)<br>၀၀၀၃၃၈ | မြစ်သားမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးမြတ်သူ | ၅/ငဇန(နိုင်)<br>၀၀၁၂၈၂ | ငါန်းဇွန်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးလှကြွယ် | ၉/မသန(နိုင်)<br>၀၀၈၆၄၁ | ချမ်းမြသာစည်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဒေါ်ဝင်းဝင်းလတ် | ၉/အမဇ(နိုင်)<br>၀၅၆၄၇၉ | မလှိုင်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၄၁) | ဦးငွေစိုးလှိုင် | ၉/တသန(နိုင်)<br>၁၃၈၃၁၄ | တောင်သာမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးမန်းမြင့် | ၉/မခန(နိုင်)<br>၁၀၇၇၄၆ | မြင်းခြံမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးထွန်းတင့် | ၉/သပက(နိုင်)<br>၀၁၅၉၄၅ | သပိတ်ကျင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးဆွေသန်း | ၉/ပသက(နိုင်)<br>၀၀၄၄၀၈ | ပုသိမ်ကြီးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)** | | | | |
| (၄၅) | ဦးနေလင်း | ၉/ကပတ(နိုင်)<br>၁၃၉၂၈၆ | ကျောက်ပန်းတောင်းမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဒေါ်မြသန္တာဦး | ၉/ညဥန(နိုင်)<br>၀၀၁၂၂၄ | တောင်သာမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဦးပြည့်ဖြိုးကျော် | ၉/အမဇ(နိုင်)<br>၀၄၀၇၁၀ | မြင်းခြံမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၄၈) | ဦးလှကြည် | ၉/ကပတ(နိုင်)<br>၀၈၁၂၅၄ | နွားထိုးကြီးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၄၉) | ဦးဘုန်းမြင့် | ၆/မအရ(နိုင်)<br>၀၀၄၉၆၂ | ညောင်ဦးမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)** | | | | |
| (၅၀) | ဒေါ်သန်းသန်းအေး | ၉/ပဘန(နိုင်)<br>၀၀၉၂၁၉ | မိတ္ထီလာမြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးဇော်ဝင်း | ၉/ရမသ(နိုင်)<br>၀၃၁၂၃၆ | ပျော်ဘွယ်မြို့နယ်<br>ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

| | | | |
|---|---|---|---|
| (၅၂) ဦးမြသွင်(ခ) မြင့်ဆန်း | ၉/မထလ(နိုင်) ၁၇၅၅၁၈ | ရမည်းသင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၃) ဦးဟန်မောင် | ၉/ရမသ(နိုင်) ၀၀၆၂၉၂ | ဝမ်းတွင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၅၄) ဦးကျော်မင်းထွန်း | ၁၀/ကထန(နိုင်) ၁၁၉၉၂၃ | သာစည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၅) ဦးမင်းနိုင် | ၉/ဝတန(နိုင်) ၀၀၇၁၀၁ | မလှိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**မန္တလေးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃)**

| | | | |
|---|---|---|---|
| (၅၆) ဒေါ်သီသီကျော် | ၉/မသန(နိုင်) ၁၀၁၈၃၆ | ကျောက်ဆည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၇) ဦးတိုက်ကြည် | ၉/စကတ(နိုင်) ၀၇၇၁၁၄ | တံတားဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၈) ဒေါ်လွဲ့လွဲ့ဝင်း | ၉/တတဥ(နိုင်) ၀၀၁၃၀၈ | မြစ်သားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၅၉) ဦးစိုးမြတ်အောင် | ၉/အမရ(နိုင်) ၀၈၈၇၉၂ | ငါန်းဇွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၆၀) ဦးဇော်မင်းဦး | ၉/ကဆန(နိုင်) ၀၀၀၁၆၈ | စဉ့်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**မန္တလေးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၄)**

| | | | |
|---|---|---|---|
| (၆၁) ဦးမျိုးမြင့် | ၉/မနမ(နိုင်) ၀၃၃၅၂၃ | ပြင်ဦးလွင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၂) ဦးပိုအေး | ၉/မမန(နိုင်) ၀၃၅၁၈၂ | ပုသိမ်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၃) ဦးညီညီ(ခ) ဦးကျော်ဆန်း | ၉/မနမ(နိုင်) ၀၅၃၈၃၀ | အောင်မြေသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၄) ဦးဆောင်းတင် | ၉/မတရ(နိုင်) ၀၉၂၃၇၃ | စဉ့်ကူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၆၅) ဦးပါပါလွင် | ၉/ပသက(နိုင်) ၀၀၇၄၀၇ | မိုးကုတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၆၆) ဒေါ်အေးအေးသန့် | ၉/မနမ(နိုင်) ၁၁၃၂၃၆ | မတ္တရာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၆၇) ဦးအောင်ဇော်ဇော်မျိုး | ၉/ပသက(နိုင်) ၀၇၆၆၉၈ | သပိတ်ကျင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**မန္တလေးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၅)**

| | | | |
|---|---|---|---|
| (၆၈) ဦးတင်ထွန်း | ၉/မရတ(နိုင်) ၁၀၃၆၉၂ | ပြည်ကြီးတံခွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၉) ဒေါ်စောမြိုင် | ၉/အမရ(နိုင်) ၀၇၁၃၇၄ | အမရပူရမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၀) ဦးမျိုးကျော် | ၉/စကန(နိုင်) ၀၅၃၆၁၇ | ချမ်းမြသာစည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၇၁) ဒေါ်ဖြိုးသန္တာ | ၅/စကန(နိုင်) ၂၇၃၇၂၉ | မဟာအောင်မြေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၇၂) ဦးဇော်ဝင်းသန့်(ခ) ဦးထက်အောင်လင်း | ၉/မခန(နိုင်) ၁၉၆၀၇၀ | ချမ်းအေးသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် အရင်းအမြစ်အလိုက် တပ်ဆင်အင်အားများမှာ ရေအားလျှပ်စစ်စက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးသုံး စက်ရုံ နှစ်ရုံ၊ နေရောင်ခြည်သုံးစွမ်းအင် စက်ရုံ ၁၂ ရုံ စုစုပေါင်း တပ်ဆင်စက်အင်အားမှာ ၆၇၂၅ မဂ္ဂါဝပ်အထိ ရှိကြောင်း။

စက်စွမ်းအားပြည့် မောင်းနှင်နိုင်ပါက ၄၀၀၀ မဂ္ဂါဝပ်ခန့်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည့် အခြေအနေဖြစ်သော်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုများနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု တဖြည်းဖြည်းလျော့နည်းခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ်ကျော်မှာ လျော့နည်းထုတ်လုပ်ရရှိသဖြင့် တစ်ရက်လျှင် ၃၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး အချို့နေရာများတွင် အချိန်ပိုင်း အလှည့်ကျစနစ်ဖြင့်သာ ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ LNG မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် စျေးနှုန်းကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေး စက်မှုဇုန်များမှ အချိန်ပြည့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၅၀၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံစီမံကိန်းကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစ၍ ယင်းစက်ရုံမှ ဓာတ်အား ၅၀၀ မဂ္ဂါဝပ်ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း။

ထို့ကြောင့် ယခုအခါ တစ်ရက်လျှင် စုစုပေါင်း ၃၄၀၀ မဂ္ဂါဝပ် (၆၀၀၀၀ မဂ္ဂါဝပ်နာရီ)အထိ ထုတ်လုပ်ရရှိနေပြီဖြစ်ရာ ဝန်အားမျှဝေ၍ အလှည့်ကျစနစ်ဖြင့် ပေးခြင်းကို ရပ်ဆိုင်းကာ တတ်နိုင်သမျှ အချိန်ပြည့် ဓာတ်အားဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ယနေ့အထိ ဓာတ်အားရရှိမှုအနေဖြင့် ၇၀ ဒသမ ၄၃ ရာခိုင်နှုန်းရှိပြီး မီးသုံးသူ ၆၉ သိန်းခန့်ရှိကြောင်း၊ အိမ်သုံးနှုန်းဖြင့် သုံးစွဲနေသော ၁ ယူနစ်မှ ၅၀ ယူနစ်အထိ သုံးစွဲသူ ၄၂ ရာခိုင်နှုန်းနှင့် ၅၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ သုံးစွဲသူ ၁၉ ရာခိုင်နှုန်းရှိသဖြင့် အိမ်သုံးနှုန်းထားဖြင့် သုံးစွဲနေသော ရာခိုင်နှုန်းမှာ ၆၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံကျသော ပြည်သူများ သုံးစွဲနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်မှုစရိတ်ထက် နည်းပါးသည့် နှုန်းထားများဖြင့် နိုင်ငံတော်မှ နစ်နာစဉ် စိုက်ထုတ်ကျခံ (Subsidize) ပြီး ဖြန့်ဖြူးပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်အနေဖြင့် နစ်နာစဉ် စိုက်ထုတ်သုံးစွဲနေရသော်လည်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး စသည့်ရည်မှန်းချက်များအရ LNG ဖြင့် ထုတ်လုပ်ခြင်းမှာ ကုန်ကျစရိတ်မြင့်မားသော်လည်း စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုများ အရှိန်အဟုန် မပြတ်စေရန် ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် “LNG to Industry” ကို အထူးအလေးပေး ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ စက်မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် “အချိန်ပြည့် ဓာတ်အားရရှိမှု” သည် စက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းနှင့် အခြားကုန်ကျစရိတ် မြင့်မားသည့် စွမ်းအင်အရင်းအမြစ်များအပေါ် မှီခိုရမှုကို လျှော့ချနိုင်ခြင်း စသည့် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့အတွက် ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေကို ဆက်လက်ထိန်းသိမ်းရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ် မျှတစေရန်အတွက် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ “စီးပွားရေးနှုန်းထား (Economic Rate)” တစ်ခုသတ်မှတ်၍ ဆောင်ရွက်သွားရန်ရှိကြောင်းနှင့် လုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ အောင်မြင်စွာတိုးချဲ့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုသုံးစွဲနေသော ဓာတ်အားခနှုန်းထားများအနေဖြင့် ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိကြောင်း၊ ယခင်စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့် ဓာတ်အားများကို ပြည်သူလူထုမှ ပိုမိုသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းရှင်များမှ အားလုံးလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက LNG မှ ဓာတ်အားထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဓာတ်အားထုတ်လုပ်နေမှုအခြေအနေများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်၊ စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဖြူးပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခ ကောက်ခံဆောင်ရွက်မည့်အခြေအနေ၊ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေး - ပြင်ဦးလွင် - လားရှိုးလမ်းပေါ်ရှိ ဂုတ်တွင်းတံတားနေရာ၌ သုံးလွှာတစ်ထပ် C 200 ဘေလီတံတားတစ်စင်းအသစ် ထပ်မံပြုပြင်တည်ဆောက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေး - ပြင်ဦးလွင် - လားရှိုးလမ်း (မန္တလေး - နောင်ချိုလမ်းပိုင်း) တစ်လျှောက်ရှိ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဂုတ်တွင်းတံတားနေရာတွင် သုံးလွှာတစ်ထပ် C 200 (Extra Wide)ဘေလီ တံတားတစ်စင်းအသစ် ထပ်မံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို သွားရောက်စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင် - နောင်ချိုလမ်းပိုင်းရှိ ဂုတ်တွင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက အကြမ်းဖက်သမားများကြောင့် တံတားပျက်စီးခဲ့ရသည့်အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး ယာယီဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အခြေအနေနှင့် အခိုင်အမာတံတားတည်ဆောက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မန္တလေး - ပြင်ဦးလွင် - လားရှိုးလမ်းသည် ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသည့် လမ်းတစ်လမ်းဖြစ်ကြောင်း၊ ဂုတ်တွင်းတံတားသည် ၂၀၂၅ခုနှစ် ဇူလိုင် ၁၄ ရက်တွင် အကြမ်းဖက်သူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတားကျိုးကျ ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့က ယာယီအစီအစဉ်ဖြင့် အရှည်ပေ ၁၅၀ နှစ်လွှာတစ်ထပ် ဘေလီတံတား ပြန်လည်တည်ဆောက်ပေးခဲ့ပြီး ခရီးသည်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို ၂၅ တန်အထိ ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက် ယခင်တံတားဟောင်းနေရာတွင် အရှည်ပေ ၂၁၀၊ အကျယ် ၂၄ ပေ ရှိသော သုံးလွှာတစ်ထပ် C 200 ဘေလီတံတားကို အသစ်ထပ်မံပြုပြင်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက်နေသော ဘေလီတံတားဖွင့်လှစ်နိုင်ပါက ယာဉ်တစ်စီးချင်း တန် ၅၀ ရှိသော ကုန်တင်ယာဉ်ကြီးများအထိ လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုအတွက် အရေးပါသောတံတားဖြစ်၍ ဆောလျင်စွာပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခင် ပေ ၁၅၀ နှစ်လွှာတစ်ထပ် ဘေလီတံတားကို ဖယ်ရှား၍ ၎င်းနေရာတွင် မူလပုံစံအတိုင်း အခိုင်အမာတံတားကို ဆက်လက်တည်ဆောက်ရမည်ဖြစ်ပြီး ထိုသို့တည်ဆောက်ရာတွင် အကြမ်းဖက်သမားများ မိုင်းထောင်ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော တံတားအပျက်အစီးများကို စနစ်တကျ ဖယ်ရှား၍ ရေလမ်းကြောင်းရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနေရာသို့ သွားရောက်ပြီး စီမံကိန်းဧရိယာကို ထိန်းသိမ်းထားရှိသည့် အခြေအနေ၊ နယ်နိမိတ်ဧရိယာကို ကွန်ကရစ်တိုင်သွပ်ဆူးကြိုးကာရံနိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေ၊ ပတ်လမ်းတစ်လျှောက် ဘေးဝဲ၊ ယာရှင်းလင်းခြင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ စီမံကိန်းဧရိယာအတွင်း လိုက်လံစစ်ဆေးသည်။

ယင်းနောက် မန္တလေး-ပြင်ဦးလွင်လမ်းမှ ဗဟိုမီးသတ်သင်တန်းကျောင်း အဝင်လမ်းအသစ်ဖောက်လုပ်သည့်နေရာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး(လမ်းဟောင်း)အတိုင်း ပြန်လည်ထွက်ခွာ၍ လမ်းတစ်လျှောက်ရှိမြေသားလမ်းပခုံးများ တိုးချဲ့ဆောင်ရွက်နေသည့်အခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၅၅/၀) ယုဇနတံတားရှိ ငလျင်ကြောင့် အသွားလမ်းဘက်ခြမ်း တံတားတိုင်များ ပြိုကျပျက်စီး၍ ကြမ်းခင်းနှင့်ရက်မများ နိမ့်ကျပျက်စီးသည့်အပိုင်းများကို ဖယ်ရှား၍ ပြုပြင်တည်ဆောက်နေသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို မှာကြားကာ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အား အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ယုဇနတံတားသည် အရှည်ပေ ၂၂၀ ရှိပြီး ကမ်းကပ်ခုံများ ပြန်လည်အားဖြည့်အသုံးပြု၍ ၄၄ ပေခန်းဖွင့် သံကူကွန်ကရစ်တံတားကို ဘိုးပိုင်အုတ်မြစ်ပါငလျင်ဒဏ်ခံနိုင်သောဒီဇိုင်းဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် ယာယီဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ အခြေပြုနေထိုင်လျက်ရှိသည့် ယာယီဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းနိုင်ဝင်းက ငလျင်ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့် အိမ်ရာဝင်းအတွင်း သောက်ရေသုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ အိမ်ရာဝင်းအတွင်းရှိလမ်းများကို ရာသီမရွေးအသုံးပြုနိုင်ရန် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဝန်ထမ်းနှင့်မိသားစုဝင်များ ကျန်းမာရေးအတွက် ယင်လုံအိမ်သာများ စနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မကြာမီ ပွင့်လင်းရာသီသို့ရောက်ရှိတော့မည်ဖြစ်၍ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊ အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိသွားရန်နှင့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်သွားရန်၊ နွေရာသီ၌ အပူဒဏ် သက်သာစေရန်အတွက် အမိုးအဖီများကို စနစ်တကျ ခိုင်ခံ့စွာ ပုံစံတူပြုလုပ်ပေးရန်၊ အိမ်ရာဝင်းလုံခြုံရေး စနစ်တကျတာဝန်ချဆောင်ရွက်ပေးရန်၊ ဝန်ထမ်းမိသားစုများ၏အရေးပေါ်ကျန်းမာရေးကိစ္စများ ဖြစ်ပေါ်လာပါက အနီးစပ်ဆုံးဆေးရုံသို့ အမြန်ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ထားရန်၊ မိသားစု၏ ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကျောင်းကားစီစဉ်ပေးရန်၊ ရုံးခြံစည်းရိုးအတွင်း / အပြင် မီးတားလမ်း ဆောင်ရွက်ထားရန်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရန်၊ မီးဖိုချောင်သုံး စားပင်သီးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရန်၊ ဝန်ထမ်းများအားလုံး ယခုကဲ့သို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို တာဝန်ရှိသူများက အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

အခမ်းအနားတွင် မော်ဘီခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက နွေစပါး ဧက ၁၀၀ စံပြစိုက်ခင်းတွင် မြေဩဇာကြဲပက်ပွဲနှင့် ဓာတ်မြေဩဇာပေးအပ်ပွဲဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများထံသို့ ယူရီးယားဓာတ်မြေဩဇာများနှင့် နွေစပါးမျိုးစေ့ချကိရိယာ (Drum Seeder)များကို မော်ဘီခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး နွေစပါးဧက ၁၀၀ စံပြစိုက်ခင်း ကွင်းအမှတ် (၁၂၃/က)၊ ဦးပိုင် (၅၉/ခ) တောင်သူ ဦးသန်းထွန်းလေး၏ နွေစပါးစံပြကွက်တွင် မြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများအား စနစ်တကျ လက်တွေ့ကြဲပက်ပြသပေးခဲ့ကြသည်။

**ဇင်မင်းထိုက်**
**(ထန်းတပင်)**

## ၃၁ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်လိုအပ်

ဇာနည်ဘွား

၁၂ ဖေဖော်ဝါရီ ၂၀၂၆။ ယခုနှစ် ပြည်ထောင်စုနေ့က (၇၉)နှစ်မြောက်ဖြစ်သည်။ ပြည်ထောင်စုနေ့နှင့်ဆက်စပ်သည့် ငယ်စဉ်ဘဝက မြင်ကွင်းပုံရိပ်များက စိတ်နှလုံးမှာ တဖျတ်ဖျတ် ထင်ဟပ်လာသည်။

**❑ ယနေ့ ကမ္ဘာ့အခင်းအကျင်းများအရ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မဆိုထားဘိ အလယ်အလတ်နိုင်ငံ (Middle Power)များပင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခံရပ်တည်နေကြရ**

**❑ တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်မူ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထွန်းကားပြန့်ပွားရေးသည် ပို၍ပင် အရေးပါလျက်ရှိ**

"ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်းတို့တစ်တွေ ... ပြည်ထောင်စုဖွား တိုင်းရင်းသားမို့ ညီအစ်ကိုမောင်နှမပေ ... သွေးစည်းကသာလေ ... ညီညွတ်ချစ်ကြည်နေ ... အေးအတူ ပူအမျှ ... အတူတကွ မူအရ ခံစားကြမယ်လေ... လာလာလေ ... လာကြပြီလေ ... ရေမြေတောအနှံ့က တို့ဆွေသဟာတွေ ... ရပ်ဝေးကဆွေ ရပ်နီးကဆွေ စုပေါင်းညီညာပေ" ပြည်ထောင်စုနေ့ နီးလေတိုင်း အမြဲတစေ ကြားနေရသည့် **"တို့ပြည်ထောင်စုသား"** တေးသွားကို အမှတ်ရမိသည်နှင့်အမျှ ယခုပင်နှုတ်ကတဖွဖွ ရွတ်ဆို ညည်းမိလေ၏။

ထို့အတူ **"တို့ပြည်ထောင်စုအလံတော်သည် တလူလူလွင့်လို့ချီလာပြီ"**ဟူသည့် တေးသီချင်းနှင့်အတူ ရန်ကုန်မြို့တွင် တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့် တိုင်းများသို့ လှည့်လည်ခဲ့သည့် မြင်ကွင်းပုံရိပ်များကလည်း မိမိတို့ မျိုးဆက်များအတွက် ယနေ့တိုင် မမေ့နိုင်ပါပေ။

နှစ်သစ်၏ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလရောက်ပြီဆိုလျှင် ထိုခေတ် ထိုအခါက နိုင်ငံပိုင်သတင်းစာများတွင် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲမှာ ပြည်ထောင်စုအလံတော် ခရီးလှည့်လည်သည့် သတင်းဓာတ်ပုံများကသာ ဝေဝေဆာဆာ နေရာယူလျက်ရှိပေသည်။

မိမိတို့ငယ်ဘဝတွင် အမှတ်တရနှင့် အပျော်ရွှင်ဆုံးပွဲတော်များကို ဖော်ညွှန်းပြပါဆိုလျှင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် ပြည်ထောင်စုနေ့ပွဲတော်ဟူ၍သာဆိုရပါမည်။ ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့်တိုင်းများသို့ လှည့်လည်အပြီးတွင် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ ပြန်လည်ဆိုက်ရောက်လာလေ့ရှိရာ ပွဲတော်ကာလအတွင်း ဂီတ၊ ရုပ်ရှင်၊ ဇာတ်သဘင်ဖျော်ဖြေပွဲများ၊ ပြည်နယ်နှင့် တိုင်း၊ ဝန်ကြီးဌာနအလိုက် ပြခန်းများ၊ မုန့်ဈေးတန်းများဖြင့် ညစဉ်ညတိုင်းပရိသတ်များ တိုးမပေါက်အောင် စည်ကားခဲ့ပါသည်။ ပြည်ထောင်စုပွဲတော်နှင့် မိမိတို့ငယ်ဘဝက ခွဲခြား၍ မရစကောင်းပေ။

နိုင်ငံ့ခေါင်းဆောင် အဆက်ဆက်သည် ပြည်ထောင်စုနေ့ကို အဘယ်ကြောင့် မပျက်မကွက် အလေးအနက်ထား၍ ကျင်းပခဲ့ကြရပါသနည်း။

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် ထာဝရစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်သန်၍ မပျက်မကွက်အလေးအနက်ထား၍ ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သလို ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရန် မျိုးဆက်တစ်ဆက်နှင့် တစ်ဆက်အကြား လက်ဆင့်ကမ်းအမွေပေးဝေလို၍ဖြစ်လေသည်။

ငယ်စဉ်ကမူ ဤသို့ အလေးအနက်တွေးတောစဉ်းစားခဲ့ခြင်းမရှိခဲ့ရိုး အမှန်ပင်။ ပြည်ထောင်စုပွဲတော် ကျင်းပလျှင် မုန့်ဈေးတန်းတွင် မုန့်စားမည်။ ရုပ်ရှင်၊ အငြိမ့်၊ ဇာတ်သဘင်ကြည့်မည်။ ပျော်မည် ပါးမည်။ ဤမျှသာ။ ယခုအသက်အရွယ်ရလာတော့ မိသားတစ်စုတွင် မိသားစုစိတ်ဓာတ်၊ နိုင်ငံတစ်နိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကား အသက်ဝိညာဉ်တစ်ခုပမာ အရေးပါမှန်း သိလာခဲ့ရသည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့်လည်း မိမိတို့ကဲ့သို့ အသက်အရွယ်ရလာမှ၊ ခေတ်အမျိုးမျိုးကို ဖြတ်သန်းကျော်ဖြတ်လာပါမှ၊ အတွေ့အကြုံရင့်ကျက်လာပါမှ ပိုမိုသိရှိနားလည်သဘောပေါက်လာကြပေလိမ့်မည်။ အတိတ်သမိုင်းကြောင်းများကို ပြန်ပြောင်းဆင်ခြင် လေ့လာခြင်းဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုကို သိရှိနားလည်လာကြပေလိမ့်မည်။

အနီးစပ်ဆုံး သင်ခန်းစာတစ်ခုကား စစ်အေးတိုက်ပွဲအပြီးတွင် ပြိုပျက်သွားခဲ့ရသော ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလားဗီးယားပြည်ထောင်စုတို့၏ ကျဆုံးခန်းများ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်အေးတိုက်ပွဲအတွင်း အားပြိုင်ခဲ့စဉ်ကပင် အမေရိကန် ဦးဆောင်သော နေတိုးစစ်အုပ်စုကို ထိပ်တိုက်ရင်ဆိုင်ခဲ့သော ဝါဆောစစ်အုပ်စု ခေါင်းဆောင် ဆိုဗီယက်ပြည်ထောင်စုနှင့် မာရှယ်တီးတိုး ခေါင်းဆောင်သော ယူဂိုဆလားဗီးယားပြည်ထောင်စုတို့သည် စစ်အေးတိုက်ပွဲကာလတွင် မပြိုလဲ၊ မပြိုကွဲဘဲ ပြည်ထောင်စုသားအချင်းချင်း သူတစ်လူ၊ ငါတစ်မင်း ခွဲထွက်ကြရာမှ ဝါးအစည်းပြေသလို ပြည်ထောင်စုကြီး ပြိုကွဲခဲ့ကြရလေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလက ဝေသာလီကို သက်သေတည်၍ ဆိုရပါသော် ကောသလနှင့် မဂဓတိုင်းအင်အားကြီး နိုင်ငံကြီးများကြားတွင် ဂဏအုပ်ချုပ်ရေး နိုင်ငံငယ်ကလေး တစ်နိုင်ငံဖြစ်သော ဝေသာလီသည် စုပေါင်းအုပ်ချုပ်မင်းလုပ်ကြသော လိစ္ဆဝီမင်းသားတို့၏ ရေကိုသား၍ ကြားမထင်သော စည်းလုံးညီညွတ်မှု၊ ညီညာထကြွလုံ့လရှိမှုတို့ကြောင့် တံတိုင်းသုံးထပ်ရံကာပတ်ရသည့်အထိ တိုးတက်စည်ပင်လာခဲ့သော ဝေသာလီ၊ အဆက်မပြတ် စစ်ရေးလေ့ကျင့်မှုကြောင့် နိုင်ငံကြီးများကြားတွင်စစ်အင်အား ထည်ဝါခဲ့သောဝေသာလီ၊ အိမ်နီးချင်းမဂဓတိုင်းအရှင် ဘုရင်အဇာတသတ်၏ စစ်တပ်ကြီးအပေါ် နှစ်ကြိမ်တိုင်တိုင် အသာစီးရယူနိုင်ခဲ့သော ဝေသာလီ၊ ထိုဝေသာလီပြည်သည် အဆုံးမှာတော့ အဇာတသတ်မင်း၏ညာလက်ရုံး ပြိုင်ဘက်ကင်းသော နိုင်ငံရေးသုခမိန် ဝဿကာရ အမတ်ကြီး၏ဖြားယောင်းသွေးဆောင်၊ သင်းခွဲသပ်လျှိုမှုကြောင့် လိစ္ဆဝီမင်းသားအချင်းချင်းကြား စိတ်ဝမ်းကွဲပြားခဲ့ကြရာမှ ဝေသာလီပြည်ကြီး ပျက်စီးခဲ့ရလေသည်။

မြန်မာ့သမိုင်းတွင်လည်း မြန်မာနိုင်ငံသားတို့၏ စုစည်းညီညွတ်မှုအားမာန်ဖြင့် အနော်ရထာမင်းခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်ခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကို ခမ်းနားထည်ဝါစွာ ထူထောင်နိုင်ခဲ့သော်လည်း ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်တွင် မညီမညွတ်ဖြစ်လာခဲ့ရာမှ မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက် ကျွန်သဘောက်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြေကို သက်သေတည်၍ တောင်တန်းနှင့် ပြည်နယ် ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအရယူရန် ချုပ်ဆိုခဲ့ကြသော သမိုင်းဝင်ပင်လုံစာချုပ်ကြောင့် နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့အင်္ဂလိပ်လက်အောက် သူ့ကျွန်ဘဝမှ လွတ်မြောက်ကာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ယနေ့တိုင် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

သို့ပါသော်လည်း ကိုလိုနီနယ်ချဲ့၏သွေးခွဲအုပ်ချုပ်ရေးကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများဖြင့် ပြည်ထောင်စုကြီးမှာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားရှိစေမည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများမှာလည်း ဘေးပယောဂနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် ယနေ့တိုင်နှောင့်နှေးကြန့်ကြာမှုများ ရှိနေဆဲပင်။

**အမှန်စင်စစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံ၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ သဘာဝသယံဇာတအရင်းအမြစ်အားဖြင့် ဒေသတွင်းနိုင်ငံများနှင့် အဘက်ဘက်မှ ယှဉ်ပြိုင်နိုင်စွမ်းရှိပါသည်။**

မြန်မာအတွက် လိုအပ်နေမှုမှာ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှု၊ စုပေါင်းကြိုးစား အားထုတ်မှုသာဖြစ်ပေသည်။ ငြိမ်းချမ်းရေးခရီးကလည်း အလှမ်းမဝေးလှပါ။ လာချင်လျှင် အနီးလေးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အတူတကွ မျှဝေခံစားခြင်းဟူသော ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်နေသည့်ကာလဖြစ်၍ နိုင်ငံရေးအမြင်မတူမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာနိုင်ပါသည်။

ယနေ့ ကမ္ဘာ့အခင်းအကျင်းများအရ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မဆိုထားဘိ အလယ်အလတ်နိုင်ငံ (Middle Power)များပင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်သောပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခံရပ်တည်နေကြရပါသည်။

တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်မူ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထွန်းကားပြန့်ပွားရေးသည် ပို၍ပင် အရေးပါလျက်ရှိပေသည်။ အတိတ်သမိုင်းသင်ခန်းစာများအရသော်လည်းကောင်း၊ လက်ရှိ ကမ္ဘာ့အခင်းအကျင်းများအရသော်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ကား ထာဝစဉ် လိုအပ်နေပါမည်။

သို့ဖြင့် **"နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊**

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး"** တို့ အပါအဝင်ဖြစ်သော ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**❝ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလက ဝေသာလီကို သက်သေတည်၍ ဆိုရပါသော် ကောသလနှင့် မဂဓတိုင်းအင်အားကြီး နိုင်ငံကြီးများကြားတွင် ဂဏအုပ်ချုပ်ရေး နိုင်ငံငယ်ကလေးတစ်နိုင်ငံဖြစ်သော ဝေသာလီသည် စုပေါင်းအုပ်ချုပ်မင်းလုပ်ကြသော လိစ္ဆဝီမင်းသားတို့၏ ရေကိုသား၍ ကြားမထင်သော စည်းလုံးညီညွတ်မှု၊ ညီညာထကြွလုံ့လရှိမှုတို့ကြောင့် တံတိုင်းသုံးထပ်ရံကာပတ်ရသည့်အထိ တိုးတက်စည်ပင်လာခဲ့သော ဝေသာလီ၊ အဆက်မပြတ်စစ်ရေးလေ့ကျင့်မှုကြောင့် နိုင်ငံကြီးများကြားတွင် စစ်အင်အားထည်ဝါခဲ့သော ဝေသာလီ၊ အိမ်နီးချင်းမဂဓတိုင်းအရှင်ဘုရင်အဇာတသတ်၏ စစ်တပ်ကြီးအပေါ် နှစ်ကြိမ်တိုင်တိုင် အသာစီးရယူနိုင်ခဲ့သော ဝေသာလီ၊ ထိုဝေသာလီပြည်သည် အဆုံးမှာတော့ အဇာတသတ်မင်း၏ညာလက်ရုံး ပြိုင်ဘက်ကင်းသော နိုင်ငံရေးသုခမိန် ဝဿကာရအမတ်ကြီး၏ ဖြားယောင်းသွေးဆောင်၊ သင်းခွဲသပ်လျှိုမှုကြောင့် လိစ္ဆဝီမင်းသားအချင်းချင်းကြား စိတ်ဝမ်းကွဲပြားခဲ့ကြရာမှ ဝေသာလီပြည်ကြီး ပျက်စီးခဲ့ရလေသည် ❞**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၃)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁ | ကျောက်ကြီး | | | ၄၂၄၈ | ၃၀၀၅ | ၇၃၅၃ | |
| | | ဦးဝင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၂၂ | ၂၄၇၂ | ၅၅၉၄ | ၇၆.၀၈% |
| | | ဦးဝင်းမင်းထွန်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၃၇ | ၃၄၃ | ၉၈၀ | ၁၃.၃၃% |
| | | ဒေါ်ဖြူပြာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၉ | ၂၉၀ | ၇၇၉ | ၁၀.၅၉% |
| ၂ | ကျောက်တံခါး | | | ၅၆၅၆ | ၂၂၅၉၄ | ၇၉၁၂၀ | |
| | | ဦးဘုန်းမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၉၅ | ၉၉၁၂ | ၃၆၇၀၇ | ၄၆.၃၉% |
| | | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၀၇၀ | ၇၈၀၁ | ၂၀၈၇၁ | ၂၆.၃၈% |
| | | ဦးဌေးလွင်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၇၆၆ | ၂၂၈၁ | ၉၀၄၇ | ၁၁.၄၄% |
| | | ဦးသန်းမင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၉၇ | ၁၃၃၂ | ၆၆၂၉ | ၈.၃၈% |
| | | ဦးသိန်းဟန် | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၉၈ | ၁၂၆၈ | ၅၈၆၆ | ၇.၄၁% |
| ၃ | ဖြူး | | | ၁၇၃၆၈ | ၁၆၆၄၅ | ၃၄၀၁၃ | |
| | | ဦးကျော်မင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၁၁ | ၁၀၆၁၅ | ၁၈၃၂၆ | ၅၃.၈၈% |
| | | ဦးငွေသိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၈၀ | ၂၇၃၈ | ၅၉၁၈ | ၁၇.၄၀% |
| | | ဒေါ်နီနီဝင်း | ပြည်သူ့ပါတီ | ၃၂၂၆ | ၁၅၀၃ | ၄၇၂၉ | ၁၃.၉၀% |
| | | ဦးသီဟနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၇၉ | ၉၄၄ | ၂၅၂၃ | ၇.၄၂% |
| | | ဦးသက်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၇၂ | ၈၄၅ | ၂၅၁၇ | ၇.၄၀% |
| ၄ | အုတ်တွင်း | | | ၃၄၉၉၈ | ၁၁၃၈၆ | ၄၆၃၈၄ | |
| | | ဒေါ်ခင်ခင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၁၀၁ | ၇၃၁၂ | ၂၁၄၁၃ | ၄၆.၁၆% |
| | | ဦးသန်းဝင်း | ပြည်သူ့ပါတီ | ၈၉၉၇ | ၁၆၇၁ | ၁၀၆၆၈ | ၂၃.၀၀% |
| | | ဒေါ်သန္တာဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၃၁ | ၁၂၉၄ | ၈၇၂၅ | ၁၈.၈၁% |
| | | ဒေါ်သီတာအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၄၆၉ | ၁၁၀၉ | ၅၅၇၈ | ၁၂.၀၃% |
| ၅ | သဲကုန်း | | | ၄၃၈၂၉ | ၆၃၆၉ | ၅၀၁၉၈ | |
| | | ဦးအုန်းသွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၃၈ | ၃၇၂၉ | ၁၉၅၆၇ | ၃၈.၉၈% |
| | | ဦးပြည့်ဟန် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၅၇၀၄ | ၁၀၃၄ | ၆၇၃၈ | ၁၃.၄၂% |
| | | ဦးအောင်ဇော်မိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၆၄ | ၄၃၁ | ၅၄၉၅ | ၁၀.၉၅% |
| | | ဦးခိုင်လင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၄၄ | ၃၆၃ | ၅၄၀၇ | ၁၀.၇၇% |
| | | ဒေါ်ခင်သစ်လွင် | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၃၇၈၆ | ၂၆၅ | ၄၀၅၁ | ၈.၀၇% |
| | | ဦးပြည့်စုံအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၈၃ | ၁၄၂ | ၃၁၂၅ | ၆.၂၃% |
| | | ဦးလှိုင်ဖြိုးဝေ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၇၃၁ | ၂၀၈ | ၂၉၃၉ | ၅.၈၅% |
| | | ဦးဝေလင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၇၉ | ၁၉၇ | ၂၈၇၆ | ၅.၇၃% |
| ၆ | ဝေါ | | | ၅၃၁၄၈ | ၁၆၇၆၇ | ၆၉၉၁၅ | |
| | | ဦးသက်တိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၀၄၁ | ၁၃၀၀၄ | ၃၉၀၄၅ | ၅၅.၈၅% |
| | | ဦးကြီးမင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၆၅၄ | ၁၈၅၄ | ၁၂၅၀၈ | ၁၇.၈၉% |
| | | ဦးနွေကိုကိုဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၇၃၂ | ၇၇၂ | ၇၅၀၄ | ၁၀.၇၃% |
| | | ဒေါ်လှဲ့လှဲ့ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၇၃၁ | ၇၀၅ | ၆၄၃၆ | ၉.၂၀% |
| | | ဦးဇော်မျိုးထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၉၀ | ၄၃၂ | ၄၄၂၂ | ၆.၃၂% |
| ၇ | ကြို့ပင်ကောက် | | | ၂၇၂၂၇ | ၈၈၉၂ | ၃၆၁၁၉ | |
| | | ဦးအောင်စိုးထက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၅၄ | ၄၇၈၆ | ၁၆၆၄၀ | ၄၆.၀၇% |
| | | ဒေါ်ဇာဇာမိုး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၈၁၉၀ | ၂၇၀၃ | ၁၀၈၉၃ | ၃၀.၁၆% |
| | | ဦးမျိုးဇော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၀၇ | ၇၄၉ | ၄၄၅၆ | ၁၂.၃၄% |
| | | ဦးတင့်နိုင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၄၇၆ | ၆၅၄ | ၄၁၃၀ | ၁၁.၄၃% |
| ၈ | အုတ်ဖို | | | ၂၁၆၇၄ | ၈၀၉၆ | ၂၉၇၇၀ | |
| | | ဦးအောင်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၅၂ | ၅၃၈၄ | ၁၅၈၃၆ | ၅၃.၁၉% |
| | | ဦးကျော်မင်းဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၅၆၃၅ | ၁၇၈၆ | ၇၄၂၁ | ၂၄.၉၃% |
| | | ဒေါ်ဖူးပွင့်လှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၈၇ | ၉၂၆ | ၆၅၁၃ | ၂၁.၈၈% |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၇၀၈၁ / ၅ = ၄၅၄၁၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၂၇၀၈၁ | ၂ | | ၃ | ၅ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၉၇၄၈ | ၂ | ၁၈၉၁၆ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀၀ | - | ၄၁၉၀၀ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၃၅၅၂၄ | - | ၃၅၅၂၄ | ၁ | ၁ | |
| | | ၄။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၃၀၈ | - | ၂၈၃၀၈ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၆၀၁ | - | ၁၁၆၀၁ | - | - | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တောင်ငူ၊ ထန်းတပင်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဖြူး၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၀၆၆၅၆ / ၆ = ၅၁၁၀၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၀၆၆၅၆ | ၃ | | ၃ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၂၀၃ | ၂ | ၃၂၉၈၅ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၄၈၂၀ | ၁ | ၃၇၁၁ | - | ၁ | |
| | | ၃။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၅၃၄၈ | - | ၄၅၃၄၈ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၃၆၆ | - | ၃၇၃၆၆ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၉၁၉ | - | ၃၃၉၁၉ | ၁ | ၁ | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လက်ပံတန်း၊ သာယာဝတီ၊ မိုးညို၊ မင်းလှမြို့နယ် မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကြို့ပင်ကောက်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၅၉၂၄ / ၅ = ၄၅၁၈၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၂၂၅၉၂၄ | ၃ | | ၂ | ၅ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၈၅၉၈ | ၂ | ၈၂၃၀ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၁၄၆၃ | ၁ | ၆၂၇၉ | - | ၁ | |
| | | ၃။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၀၆၀၂ | - | ၂၀၆၀၂ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၂၈၆ | - | ၁၉၂၈၆ | ၁ | ၁ | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၈၉၂ | - | ၁၇၈၉၂ | - | - | |
| | | ၆။ | ပြည်သူ့ပါတီ | ၁၂၉၀၆ | - | ၁၂၉၀၆ | - | - | |
| | | ၇။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၁၇၇ | - | ၅၁၇၇ | - | - | |

ရှင်းလင်းချက်။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျောက်ကြီး၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၇၅၈၅၄ / ၄ = ၉၃၉၆၃

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၃၇၅၈၅၄ | ၂ | | ၂ | ၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၂၆၅၀ | ၂ | ၄၇၂၄ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၂၉၆ | - | ၅၃၂၉၆ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၂၉၉၃၃ | - | ၂၉၉၃၃ | ၁ | ၁ | |
| | | ၄။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၅၈၈ | - | ၂၈၅၈၈ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၉၂၃ | - | ၂၆၉၂၃ | - | - | |
| | | ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၈၈၉ | - | ၂၃၈၈၉ | - | - | |
| | | ၇။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၀၅၇၅ | - | ၂၀၅၇၅ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ပဲခူး၊ ကဝ၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဝေါမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၃၃၂၉၆ / ၈ = ၅၄၁၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၅ | PR မဲဆန္ဒနယ်အမှတ်(၅) | | | ၄၃၃၂၉၆ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၂၉၇၈ | ၃ | ၄၀၄၉၂ | ၁ | ၄ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၁၁၉ | ၁ | ၈၉၅၇ | - | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၁၀၂၀ | - | ၄၁၀၂၀ | ၁ | ၁ | |
| | | ၄။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၄၅၀၁ | - | ၃၄၅၀၁ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၂၆၇ | - | ၃၃၂၆၇ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၃၇၇ | - | ၁၉၃၇၇ | - | - | |
| | | ၇။ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၇၃၈၀ | - | ၁၇၃၈၀ | - | - | |
| | | ၈။ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၁၃၉၇၁ | - | ၁၃၉၇၁ | - | - | |
| | | ၉။ | ပြည်သူ့ပါတီ | ၇၆၈၃ | - | ၇၆၈၃ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် နတ်တလင်း၊ ပြည်၊ ရွှေတောင်၊ ဇီးကုန်း၊ ပေါင်းတည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် သဲကုန်းမြို့နယ် မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁ | မြစ်သား | | | ၁၀၃၃၂၂ | ၅၄၉၄ | ၁၀၈၈၁၆ | |
| | | ဦးသန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၂၅၄ | ၄၃၇၅ | ၅၆၆၂၉ | ၅၂.၀၄% |
| | | ဦးရွှေမောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၄၅ | ၃၆၁ | ၁၅၁၀၆ | ၁၃.၈၈% |
| | | ဦးသိန်းဦး | ပြည်သူ့ပါတီ | ၁၁၂၄၇ | ၁၄၄ | ၁၁၃၉၁ | ၁၀.၄၇% |
| | | ဦးဇင်ကိုလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၈၃၂ | ၃၂၄ | ၉၁၅၆ | ၈.၄၂% |
| | | ဦးခန့်စည်လွင်ဘို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၂၈ | ၁၇၈ | ၈၈၀၆ | ၈.၀၉% |
| | | ဦးဖြိုးဝေကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၆၁၆ | ၁၁၂ | ၇၇၂၈ | ၇.၁၀% |
| ၂ | ငါန်းဇွန် | | | ၃၈၆၀ | ၁၁၀၈ | ၄၉၆၈ | |
| | | ဦးမြတ်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂ | ၈၉၄ | ၂၉၂၆ | ၅၈.၉၀% |
| | | ဦးသက်နိုင်ထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၈၈ | ၁၅၃ | ၁၆၄၁ | ၃၃.၀၃% |
| | | ဦးသက်ထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၄၀ | ၆၁ | ၄၀၁ | ၈.၀၇% |
| ၃ | ချမ်းမြသာစည် | | | ၇၄၉၅၀ | ၉၇၉၃ | ၈၄၇၄၃ | |
| | | ဦးလှကြွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၀၃၇ | ၆၀၃၇ | ၃၃၀၇၄ | ၃၉.၀၃% |
| | | ဒေါ်သန္တာဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၃၁ | ၁၂၈၇ | ၁၄၅၁၈ | ၁၇.၁၃% |
| | | ဦးကျော်မြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၂၇၆ | ၇၀၅ | ၁၀၉၈၁ | ၁၂.၉၆% |
| | | ဦးသူရိန်ကျော် | ပြည်သူ့ပါတီ | ၇၁၂၂ | ၄၃၄ | ၇၅၅၆ | ၈.၉၂% |
| | | ဒေါ်ကြူကြူလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၇၉ | ၄၅၂ | ၆၆၃၁ | ၇.၈၂% |
| | | ဦးထူးတင့်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၄၂ | ၄၅၉ | ၆၁၀၁ | ၇.၂၀% |
| | | ဦးမျိုးမင်းဇော် | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၇၉၄ | ၂၁၅ | ၃၀၀၉ | ၃.၅၅% |
| | | ဦးနေမျိုးထိုက် | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၂၆၆၉ | ၂၀၄ | ၂၈၇၃ | ၃.၃၉% |
| ၄ | မလှိုင် | | | ၂၀၂၃၄ | ၁၆၉၉ | ၂၁၉၃၃ | |
| | | ဒေါ်ဝင်းဝင်းလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၁၁၃ | ၇၀၀ | ၇၈၁၃ | ၃၅.၆၂% |
| | | ဦးဖုန်းဝေလင်း | ပြည်သူ့ပါတီ | ၄၂၁၄ | ၃၅၃ | ၄၅၆၇ | ၂၀.၈၂% |
| | | ဦးမင်းမင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၆၃၉ | ၂၂၄ | ၃၈၆၃ | ၁၇.၆၁% |
| | | ဦးအောင်သက်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၆၁ | ၃၁၀ | ၂၈၇၁ | ၁၃.၀၉% |
| | | ဒေါ်ခိုင်ခိုင်ထွန်း | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၇၀၇ | ၁၁၂ | ၂၈၁၉ | ၁၂.၈၆% |
| ၅ | တောင်သာ | | | ၄၁၅၉ | ၂၉၃၃ | ၇၀၉၂ | |
| | | ဦးငွေစိုးလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၇၄ | ၁၉၂၆ | ၃၈၀၀ | ၅၃.၅၈% |
| | | ဦးမျိုးသီဟ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၅၇ | ၅၁၁ | ၁၈၆၈ | ၂၆.၃၄% |
| | | ဒေါ်နန်းမိုမိုစံ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၂၈ | ၄၉၆ | ၁၄၂၄ | ၂၀.၀၈% |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | မြင်းခြံ | | | ၄၇၂၅၉ | ၆၂၁၂ | ၅၃၄၇၁ | |
| | | ဦးမန်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၀၉၀ | ၄၈၁၄ | ၂၅၉၀၄ | ၄၈.၄၄% |
| | | ဒေါ်မိစုလှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၅၇၅ | ၈၇၈ | ၁၆၄၅၃ | ၃၀.၇၇% |
| | | ဦးခင်မောင်မြင့်(ခ)ဦးသန်းတင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၄ | ၅၂၀ | ၁၁၁၁၄ | ၂၀.၇၉% |
| ၇ | သပိတ်ကျင်း | | | ၂၄၄၁ | ၃၁၁၃ | ၅၅၅၄ | |
| | | ဦးထွန်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၈၁ | ၂၇၃၃ | ၄၄၁၄ | ၇၉.၄၇% |
| | | ဦးငြိမ်းချမ်းစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၃ | ၃၃၄ | ၆၅၇ | ၁၁.၈၃% |
| | | ဒေါ်နှင်းအိဇွန် | ပြည်သူ့ပါတီ | ၂၅၃ | ၃၁ | ၂၈၄ | ၅.၁၁% |
| | | ဦးလွှမ်းမိုးမောင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၁၀၉ | ၈ | ၁၁၇ | ၂.၁၁% |
| | | ဦးသူရလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၅ | ၇ | ၈၂ | ၁.၄၈% |
| ၈ | ပုသိမ်ကြီး | | | ၁၀၄၅၈၃ | ၇၈၃၆ | ၁၁၂၄၁၉ | |
| | | ဦးဆွေသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၅၅၅ | ၅၆၅၇ | ၄၃၂၁၂ | ၃၈.၄၄% |
| | | ဦးဖြူဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၀၃၀ | ၁၀၉၂ | ၂၇၁၂၂ | ၂၄.၁၃% |
| | | ဒေါ်စောယမုံလှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၉၄၃ | ၄၅၆ | ၁၀၃၉၉ | ၉.၂၅% |
| | | ဦးဘီးလ်ဗဟာဒူး | ပြည်သူ့ပါတီ | ၉၅၂၃ | ၁၆၁ | ၉၆၈၄ | ၈.၆၁% |
| | | ဦးနေလင်းမောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၆၃၅ | ၂၅၅ | ၈၈၉၀ | ၇.၉၁% |
| | | ဦးဝင်းညွန့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၅၃ | ၁၅၈ | ၈၃၁၁ | ၇.၃၉% |
| | | ဦးဘိုဘိုဇော် | မျိုးဆက်သစ်ဝံသာနုပါတီ | ၄၇၄၄ | ၅၇ | ၄၈၀၁ | ၄.၂၇% |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၀၂၇၉၀ / ၅ = ၄၀၅၅၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၀၂၇၉၀ | ၃ | | ၂ | ၅ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၄၁၈၁ | ၂ | ၃၀၆၅ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၇၁၀ | ၁ | ၁၉၁၅၂ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၉၃၂ | - | ၃၇၉၃၂ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ပါတီ | ၁၂၈၉၉ | - | ၁၂၈၉၉ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၆၈ | - | ၈၀၆၈ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် တောင်သာ၊ မြင်းခြံမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၀၃၂၉၅ / ၆ = ၁၀၀၅၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၆၀၃၂၉၅ | ၂ | | ၄ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၉၅၀ | ၂ | ၈၂၈၅၂ | ၁ | ၃ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၅၆၇၄ | - | ၉၅၆၇၄ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၅၉၄၈၁ | - | ၅၉၄၈၁ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၅၁၂ | - | ၅၀၅၁၂ | ၁ | ၁ | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၈၃၀ | - | ၄၇၈၃၀ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၈၃၇၈ | - | ၃၈၃၇၈ | - | - | |
| | | ၇။ | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၇၄၇၀ | - | ၂၇၄၇၀ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်မြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မလှိုင်မြို့နယ်မဲဆန္ဒနယ်တို့၏လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၆၀၁၂ / ၅ = ၇၃၂၀၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၃၆၆၀၁၂ | ၂ | | ၃ | ၅ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၃၇၁၈ | ၂ | ၂၇၃၁၄ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၀၅၇၆ | - | ၆၀၅၇၆ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၃၅၂၈ | - | ၄၃၅၂၈ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၃၉၁ | - | ၃၂၃၉၁ | ၁ | ၁ | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၉၆၂ | - | ၂၉၉၆၂ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၈၃၇ | - | ၂၅၈၃၇ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြစ်သား၊ ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၅၅၃၅၄ / ၇ = ၅၀၇၆၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၃၅၅၃၅၄ | ၄ | | ၃ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၈၂၀ | ၃ | ၆၅၂၈ | - | ၃ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၁၁၄ | ၁ | ၁၁၃၅၀ | - | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၃၃၀၆၂ | - | ၃၃၀၆၂ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၃၈၃ | - | ၃၂၃၈၃ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၀၂၂ | - | ၂၈၀၂၂ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၈၆၄ | - | ၂၂၈၆၄ | - | - | |
| | | ၇။ | မျိုးဆက်သစ်ဝံသာနုပါတီ | ၁၈၀၈၉ | - | ၁၈၀၈၉ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ပြင်ဦးလွင်၊ အောင်မြေသာစံ၊ မတ္တရာမြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် သပိတ်ကျင်း၊ ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၀၄၂၄၃ / ၅ = ၈၀၈၄၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၅ | PR မဲဆန္ဒနယ်အမှတ်(၅) | | | ၄၀၄၂၄၃ | ၁ | | ၄ | ၅ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၀၅၁ | ၁ | ၇၇၂၀၃ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၃၇၈ | - | ၅၈၃၇၈ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၆၅၄၇ | - | ၄၆၅၄၇ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၃၆၁ | - | ၄၅၃၆၁ | ၁ | ၁ | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၁၀၈၉ | - | ၃၁၀၈၉ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၅၂၉ | - | ၂၈၅၂၉ | - | - | |
| | | ၇။ | မျိုးဆက်သစ်ဝံသာနုပါတီ | ၁၉၅၇၀ | - | ၁၉၅၇၀ | - | - | |
| | | ၈။ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၁၆၇၁၈ | - | ၁၆၇၁၈ | - | - | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အမရပူရမြို့နယ်မဲဆန္ဒနယ်များနှင့် ၃၁-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ချမ်းမြသာစည် မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာတို့၏ (၁၂)လ ရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲခေါင် - လန်ချန်းနိုင်ငံများ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှုပြိုင်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၁**

စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်များ ဉာဏ်ရည်တုနည်းပညာ အသုံးပြု၍ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းကျင်းပသည့် မဲခေါင်-လန်ချန်းနိုင်ငံများ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှု စွန့်ဦးတီထွင်ပြိုင်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က မန္တလေးမြို့ရှိ အမရပူရ အိုင်ကွန် အမရာ ခန်းမဆောင်၌ ကျင်းပသည်။




အဆိုပါပြိုင်ပွဲသို့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးစက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တက္ကသိုလ်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စသည့်နယ်ပယ်အသီးသီးမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးစက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းတို့က အမှာစကားများပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရှုရှားနေကြာ (Makhaon) စမ်းသပ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ ဇန်နဝါရီ ၃၁**



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု မိုင်းသောက်ကျေးရွာ ပင်မြင့်စံ သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးအုန်းဇော်၊ ဦးမြထွန်းနှင့် ဒေါ်ခင်အေးတို့၏ ရုရှားနေကြာ (Makhaon) မျိုး ငါးဧက စမ်းသပ်စိုက်ခင်းများသို့ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာတွင် အပင်များသားခွဲခြင်း၊ ပင်ခြားဖြည့်စွက်ခြင်းနှင့် မြေပေါင်တင်ခြင်းများ ဆောင်ရွက်ပြီး သတ်မှတ် ရွက်ဖျန်းအားဆေးများ၊ မြေဩဇာများ စနစ်တကျထည့်သွင်းပက်ဖျန်း၍ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အသင်းသားတောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအသင်း အဆင့်ဆင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ် လှည်းကူးပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားရိုးရာ အစားအစာပြိုင်ပွဲ ပြုလုပ်

**လှည်းကူး ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပပြုလုပ်သည့် တိုင်းရင်းသားရိုးရာ အစားအစာပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက လှည်းကူးပညာရေး ဒီဂရီကောလိပ်ပညာ့အားမာန်ခန်းမရှေ့၌ ပြုလုပ်သည်။

ပြိုင်ပွဲတွင် လှည်းကူးပညာရေးဒီဂရီကောလိပ်အတွင်းရှိ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာဌာနမှ ရှမ်းအစားအစာ(ရှမ်းခေါက်ဆွဲ)၊ လူမှုရေးဘာသာရပ်များဌာနမှ ဗမာအစားအစာ (ရန်ကုန်မုန့်ဟင်းခါး)၊ သိပ္ပံဘာသာရပ်များဌာနမှ မွန်အစားအစာ(မုဒုံကန်ကြီးအကြော်စုံနှင့်ခရမ်းချဉ်သီးအစာသွပ်)၊ ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များဌာနမှ ကရင်ရိုးရာ (ကြာဆံချက်)၊ သင်ပြနည်းများဌာနမှ ရခိုင်အစားအစာ (ရခိုင်မုန့်တီ) နှင့် ပညာရေးဘာသာရပ်များဌာနမှ တော်ဝင်မိဖုရားတွေချဉ်ခြင်းတက်တဲ့ နန်းတွင်းစားဖိုမှူးတွေလက်စွဲ(နန်းကြီးသုပ်)စသည့် တိုင်းရင်းသားရိုးရာအစားအစာများကို ပြင်ဆင်ချက်ပြုတ်ယှဉ်ပြိုင်ကြရာ လှည်းကူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းစိုးနှင့်အဖွဲ့ဝင်များ၊ လှည်းကူးပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အစားအစာယှဉ်ပြိုင်ချက်ပြုတ်မှုကို ကြည့်ရှုစစ်ဆေး၍ အကောင်းဆုံးယှဉ်ပြိုင် ချက်ပြုတ်နိုင်သည့်အဖွဲ့အားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှည်းကူး(ပြန်/ဆက်)**



အမှန်တကယ်ကြည့်မည့်
အချိန်၌သာ
တီဗွီကိုဖွင့်ပါ
ကြည့်သူမရှိဘဲ
အချိန်ပြည့်
ဖွင့်ထားခြင်းကို
ရှောင်ကြဉ်ပါ

## ကမာရွတ်ခရိုင်တရားရုံးသို့ ဥပဒေကျောင်းသား ကျောင်းသူများ လေ့လာရေး လာရောက်လေ့လာ



**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာမများနှင့် မဟာအရည်အချင်းစစ်သင်တန်းနှင့် ပဥ္စမနှစ်သင်တန်းမှ ဥပဒေကျောင်းသားကျောင်းသူ ၃၀သည် ယမန်နေ့က ကမာရွတ်ခရိုင် တရားရုံးသို့ လေ့လာရေးလာရောက်ကြသည်။

ထို့နောက် ခရိုင်တရားသူကြီးရုံးခန်းတွင် ခရိုင်တရားသူကြီး ဦးဇော်မင်းထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တွဲဖက် ခရိုင်တရားသူကြီး ဒေါ်စန်းသိင်္ဂီက တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင် တရားသူကြီးများက ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လေ့လာရေးလာရောက်သည့် ဆရာမများအား ကမာရွတ်ခရိုင်တရားရုံးက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ခရိုင်တရားရုံးရှိ တရားခွင်များတွင် ရာဇဝတ်မှုများ၊ တရားမမှုများ ကြားနာ စစ်ဆေးနေခြင်းများကို လက်တွေ့ လေ့လာခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# (၉၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

(၉၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC) ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ရေရှည်တည်တံ့သော မွေးမြူရေးနှင့် အပင်သယံဇာတ ထိန်းသိမ်းရေးနှင့် အသုံးချရေးကို ကျေးရွာသစ်စီမံကိန်းများမှ စတင်ဆောင်ရွက်ရန်လို ကြောင်း၊ အပင်ဗီဇအရင်းအမြစ်ထိန်းသိမ်းရေး၊ သီးနှံ သစ်တော ရောနှောစိုက်ခင်းများအပြင် အိမ်ခြံဝင်း ဥယျာဉ် စိုက်ပျိုးရေးကဏ္ဍများကို အလေးထား လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ တောင်သူ လယ်သမား တွေ့ဆုံပွဲများတွင် လူမှုမီဒီယာကွန်ရက်များ အသုံးပြုမှုကို ထိရောက်စွာ တိုးမြှင့်အသုံးပြု၍ သုတနှင့်နည်းပညာများ ဖြန့်ဝေရန်လိုကြောင်း၊ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းအပြင် စရိတ်ကျဉ်း၍ ဝင်ငွေပိုမိုရရှိနိုင်သော ဒေသကြက်နှင့် ငုံးမွေးမြူရေးလုပ်ငန်းများကို ပိုမို ချဲ့ထွင်လုပ်ကိုင်သင့်ကြောင်း ပြောကြားသည်။



ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မွေးမြူရေးပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာ အေးအေးမြင့်က "ရေရှည်တည်တံ့သော စိုက်ပျိုးရေး စနစ်အတွက် သီးနှံစိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူ ရေး ပေါင်းစပ်လုပ်ကိုင်ခြင်း" ခေါင်းစဉ်ဖြင့် ပေါင်းစပ် စနစ်၏ အစိတ်အပိုင်းများနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုပုံစံများ၊ အိမ်နီးချင်းနိုင်ငံများ၏ သီးနှံ နှင့် မွေးမြူရေး ပေါင်းစပ်စိုက်ပျိုးထုတ်လုပ်မှု စနစ် များ လေ့လာခြင်း၊ မြန်မာနိုင်ငံ၏ ဒေသအလိုက် သီးနှံနှင့်မွေးမြူရေး ပေါင်းစပ်လုပ်ကိုင်နိုင်သည့် ပုံစံ များ၊ မွေးမြူနည်းစနစ်များနှင့် ထုတ်ကုန်များ၊ တိရစ္ဆာန်အစာဖြင့် အသုံးပြုနိုင်သော စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ၊ လုပ်ငန်းစတင်ရန်အတွက် ဆောင်ရွက်ရမည့်အချက်များ၊ ပေါင်းစည်းစနစ်၏ အားသာချက်နှင့် အားနည်းချက်များ၊ တောင်သူများ လက်တွေ့ရရှိလာမည့် နည်းပညာများကို ရှင်းလင်း ဆွေးနွေးပြီး သီးနှံနှင့်မွေးမြူရေး ပေါင်းစည်းလုပ်ကိုင် ခြင်းစနစ် ကျယ်ပြန့်လာစေရန်နှင့် တိရစ္ဆာန် အညစ် အကြေးများကို စနစ်တကျ မြေဆွေးပြုလုပ်ပြီး စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးနိုင်သည့်အပြင် မြေသြဇာဖိုးကိုလည်း ချွေတာနိုင်ခြင်းကြောင့် စိုက်ပျိုး ရေးနှင့်မွေးမြူရေး အပြန်အလှန် အကျိုးပြုသည့်စနစ် (Integrated Farming)ကို ကျင့်သုံးကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီ များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ကောင်စီ နယ်မြေ ရှစ်မြို့နယ်မှ တောင်သူ ၁၀၅ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ စိုက်ပျိုးရေးပညာရှင် ၁၈၀ က အွန်လိုင်းဖြင့် ပါဝင် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီး ခရီးစဉ် - ၂၀၂၆ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**





မန္တလေးတိုင်းဒေသကြီး အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ခရီးသွားမြှင့်တင် ရေးလှုပ်ရှားမှုအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် – ၂၀၂၆ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ် နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့ များမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီး စဉ်–၂၀၂၆ တွင် ပါဝင်စီးနင်းကြမည့် စက်ဘီးစီး အားကစားသမား များနှင့် စက်ဘီးစီးဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးက နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ မြင့်မားရေးနှင့် လူငယ်များ ဗလငါးတန်ပြည့်ဝနေ စေရေး အလေးထားဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင် စက်ဘီးစီးပွဲတော်ကဲ့သို့ အစီအစဉ် များကို ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါ ကြောင်း၊ ပြင်ဦးလွင်မြို့သည် ခရီးသွားဆွဲဆောင်ရာနေရာများ၊ ခရီးစဉ်ဒေသများ၊ ရာသီအလိုက် ပြုလုပ်သည့်ပွဲတော်များ၊ ခရီးသွား အရင်းအမြစ်များစွာ ရှိသည့် အတွက် ပြည်တွင်း ပြည်ပခရီး သွားများ ပိုမိုလာရောက်လည်ပတ် ကြရန် ဆွဲဆောင်နိုင်သည့် အခွင့် အလမ်းကောင်းများစွာကို ပိုင်ဆိုင် ထားရှိပါကြောင်း၊ ပြင်ဦးလွင် မြို့တွင် စိုက်ပျိုးရေးအခြေခံ ခရီး သွားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ ကျေးလက် ဒေသခရီးသွားလုပ်ငန်းနှင့် အခြား ဆက်စပ်ခရီးသွားလုပ်ငန်း အမျိုး အစားများကို အကောင်အထည် ဖော်နိုင်ပါကြောင်း၊ ခရီးစဉ်ဒေသ အသစ်များကို ဖော်ထုတ်မြှင့်တင် သွားကြရန် လိုအပ်ပါကြောင်း၊ ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးသွားဧည့်သည်များ ရက်ရှည် နေထိုင်နိုင်အောင် ဆွဲဆောင်နိုင် ရေး ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီး စက်ဘီးစီး အားကစားသမားများ အား သေနတ်ပစ်ဖောက်၍ စတင် တာလွှတ်ပေးသည်။

ထို့နောက်မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများသည် ပွဲကောက်ရေတံခွန် အပန်းဖြေ စခန်းသို့ ပန်းဝင်ရောက်ရှိလာသည့် စက်ဘီးစီး အားကစားသမားများ ကို ကြိုဆို၍ အမှတ်တရလည်ဆွဲ တံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် –၂၀၂၆ တွင် ပူးပေါင်း ပါဝင်ဆောင်ရွက်သူများ ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင် ရုံးခွဲသို့ရောက်ရှိပြီး ဝန်ထမ်းများ နှင့်တွေ့ဆုံ၍ လုပ်ငန်းများ အောင်မြင်စွာ အကောင်ထည်ဖော် နိုင်ရေး ကျွမ်းကျင်မှု၊ ဗဟုသုတနှင့် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် ဆွေးနွေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံပိုင်ဟိုတယ် များသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရှေးဟောင်းအဆောက် အအုံများ ဖြစ်သည့်အတွက် ဟိုတယ်အဆောက်အအုံ၊ အခန်း များကို ပြုပြင်မွမ်းမံရာတွင် ရှေးမူ မပျက် အထူးဂရုပြု ပြင်ဆင် ထိန်းသိမ်းရန်၊ ဧည့်သည်များအား ဝန်ဆောင်မှု ကောင်းများပေးရန်၊ ပြင်ဦးလွင်မြို့အား ခရီးသွား မြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေး မြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေ ရေးအတွက် အကောင်အထည် ဖော်သည့်လုပ်ငန်းစဉ်များ ပူးပေါင်း ဆောင်ရွက်ကြရန်၊ ပြင်ဦးလွင် မြို့သို့ ခရီးသွားဧည့်သည်များ ပိုမို လာရောက် လည်ပတ်ကြစေရန် ကြိုးစားဆောင်ရွက်ကြရန် မှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်၌ သံဃာတော်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့် ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်း သား ပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေး အဖွဲ့များက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော် ရပ်ကွက် မဟာဝိဇယာရာမခင်မကန် တိုက်၊ ပုဂံကျောင်း၌ အခြေပြု၍ အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော် ၁၂၂ ပါး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေး ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက် ရောက် ကုသရန်လိုအပ်သည့် သံဃာတော် များအား နယ်မြေခံတပ်မတော်ဆေးရုံ သို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက် ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိ သူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စု ကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။






ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်သည့် တရုတ်နိုင်ငံသားများဖမ်းဆီးရမိမှု။

❑ *ကျောဖုံးမှ*

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်များတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ အခြေပြုလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လိုအပ်သည့် လေကြောင်းကင်းထောက်ခြင်း၊ မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းနှင့် နယ်မြေရှင်းလင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀ ခန့်အကွာသို့အရောက်၌ မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင် နေကြသူများအား မတွေ့ရှိရဘဲ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ မိုးကာစကာ အလုပ်ရုံ သုံးလုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိ သွပ်မိုး၊ အထပ်သားကာ လူနေလုံးချင်း ကိုးလုံး၊ အလျား ပေ ၄၀၊ အနံပေ ၂၀ ရှိ သွပ်မိုး ထမင်းစားဆောင် တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ သွပ်ကာ ရိက္ခာဂိုဒေါင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ ရှိ သွပ်မိုး၊ အထပ်သားကာ လူနေလုံးချင်း ၁၄ လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ သွပ်မိုးမီးစက်တဲ တစ်လုံး၊ အလျား ၅ ပေ၊ အနံ ၅ ပေရှိ ကင်းစောင့်တဲ သုံးလုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ သွပ်ကာ လူနေနှစ်ထပ်ဆောင် နှစ်လုံး၊ အလျား ၁၂ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုး၊ မိုးကာစကာ လူနေအိပ်ဆောင် သုံးလုံးနှင့် မီးစက်ကြီး နှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်သည့် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၅၀၀၀ ခန့်တွင်အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ၊ starlink နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အဆိုပါဒေသအတွင်း နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀၀ ခန့် အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ၂၂ ဦးနှင့်အတူ All-in-one ကွန်ပျူတာ ၁၅ လုံး၊ laptop ခြောက်လုံးနှင့် starlink နှစ်လုံးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးနှင့်အတူ အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ သက်ကယ်ကာ ယာယီတဲ တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ မိုးကာစမိုး၊ သက်ကယ်ကာ ယာယီတဲ တစ်လုံး၊ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ အလုပ်ရုံ တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ ပလတ်စတစ်ကာ အလုပ်ရုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၅၀ ရှိ သွပ်မိုး၊ အထပ်သားကာ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ အထပ်သားကာ ထမင်းစားဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အထပ်သားကာ လူနေအိပ်ဆောင် သုံးလုံး၊ အလျား ပေ ၃၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ အထပ်သားကာ လူနေအိပ်ဆောင် တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ သွပ်မိုး မီးစက်တဲ တစ်လုံး၊ All-in-one ကွန်ပျူတာ အလုံး ၈၀၊ starlink ဗန်း ၁၁ လုံးနှင့် မီးစက်ကြီး နှစ်လုံးတို့ကို လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ လုပ်ကိုင်သူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ငါးဦးအားလည်းကောင်း ထပ်မံတွေ့ရှိ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကစားပြီး ၆-၄၊ ၄-၆၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဩစတြေးလျ အိုးပင်းဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ရှိုင်ဘာကီနာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဂရာချီဗာ၊ ဗလင်တိုဗာ၊ မာတင်စ် တို့ကို ကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ လည်းကောင်း၊ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၂) ရှိ ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်ကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင်လည်း အမေရိကန် နာမည်ကြီး တင်းနစ်မယ် ပဲဂူလာကို လည်းကောင်း အဆင့်ဆင့် ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

နောက်ဆုံး ဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘာယယ်လင်ကာကို ထပ်မံအနိုင်ယူ ကျော်ဖြတ်ကာ ဩစတြေးလျ အိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုအကြိမ် ဗိုလ်လုပွဲ ရှုံးနိမ့်မှုမှာ ယူအက်စ်အိုးပင်း ချန်ပီယံ ဆာဘာယယ်လင်ကာအတွက် နောက်ဆုံးဗိုလ်လုပွဲ လေးကြိမ်တွင် တတိယမြောက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ရှိုင်ဘာကီနာနှင့် ဆာဘာယယ်လင်ကာတို့သည် ၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင်လည်း ထိပ်တိုက်တွေ့ဆုံထားပြီး ဆာဘာယယ်လင်ကာက ၄-၆၊ ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်စွဲထားဖူးသည်။

ထို့ကြောင့် ရှိုင်ဘာကီနာသည် ယခုအကြိမ် ဗိုလ်လုပွဲတွေ့ဆုံမှုတွင် အဆိုပါရှုံးနိမ့်မှုကို ချေဖျက်ကာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၃၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲသီဟနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၃၁

မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## လျှပ်စစ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ထောက်ပံ့ငွေပေးအပ်

**တောင်ကြီး ဇန်နဝါရီ ၃၁**

တောင်ကြီးမြို့နယ် အတွင်းရှိ လျှပ်စစ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က တောင်ကြီးမြို့ ခရိုင်/မြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက လျှပ်စစ်ဘေးအန္တရာယ် ခံစားခဲ့ရသည့် ပြည်သူများအား ထောက်ပံ့ပေးနိုင်ခဲ့မှု အခြေအနေများ၊ နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးမှု၊ အလုံးစုံပျက်စီးမှုတို့အတွက် နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ထောက်ပံ့ပေးအပ်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တောင်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လျှပ်စစ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၁၅၄ လုံး အတွက် J Wood နှင့် သစ်မာများ ဝယ်ယူရန်အတွက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ၁၁၀၀ ကျော် အားပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ထက်ဝေအောင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်များဖြင့် ကွင်းဆင်းဆေးကုသ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေကြီး လူမှုဖူလုံရေး အဖွဲ့မှ ရွေ့လျားဆေးကုသယာဉ် များဖြင့် လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများအား အလုပ်ဌာန များအရောက် ကွင်းဆင်းဆေး ကုသမှုများ ဆောင်ရွက်ပေးလျက် ရှိရာ ကျောက်တံတားမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးနှင့် ရုံးခွဲတာဝန်ခံတို့ ဦးဆောင်၍ ဆရာဝန်များနှင့် ဆေးအဖွဲ့များက ဇန်နဝါရီ ၃၀ ရက်တွင် ဗဟန်း မြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် မြန်မာ့ အလင်း သတင်းစာတိုက်ရှိ ဝန်ထမ်းများနှင့် မြန်မာ့အလင်း ပုံနှိပ်တိုက်ဝန်ထမ်း စုစုပေါင်း ၆၈ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ၊ လိုအပ်သော ဆေးဝါးကုသမှုများ၊ ခတ်ခွဲ စစ်ဆေးမှုများ၊ နှလုံး အတွက် ECG စစ်ဆေးခြင်းများ ဆောင် ရွက်ပေးခဲ့သည်။



လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမား များအား လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး(၃)ရုံ၊ မြို့နယ်လူမှုဖူလုံ ရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်း ဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၆၂ ခန်း၊ စာချုပ်ဆေးခန်း ၇၃ ခန်း နှင့် မီးဖွားခြင်းဆိုင်ရာ – ဝန်ဆောင် မှုဆေးခန်းရှစ်ခန်းတို့ဖြင့် ကျန်းမာ ရေးစောင့်ရှောက်မှုကို ဆောင်ရွက် ပေးသည့်အပြင် ရွေ့လျားဆေး ကုသယာဉ်များနှင့် သုခမင်္ဂလာ အထူးကုဆေးခန်းနှင့်ရောဂါရှာဖွေ ရေးစင်တာတို့တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

**တင်စိုး(မြန်မာ့အလင်း)**



## စလင်းမြို့နယ်၌ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုပိုမိုမြင့်မားရေး အသိပညာပေး

**စလင်း ဇန်နဝါရီ ၃၁**

စလင်းမြို့နယ်၌ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်က စလင်းမြို့ ကျန်းမာ ရေးဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်က အမှာစကားပြော ကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်း ထွန်းက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၊ ပုံမှန် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များကို ဆွေးနွေးပြီး အသိပညာပေး ဗီဒီယိုကို ပြသခဲ့သည်။

**မောင်လွင်(စလင်း)**

## ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ ရှင်းလင်း

**ပျဉ်းမနား ဇန်နဝါရီ ၃၁**

နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး နှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ပျဉ်းမနား မြို့နယ် သမဝါယမအသင်းစုပိုင် သူငွေးကုန်းကျေးရွာ ဘက်စုံခြံ၌ ကျင်းပ သည်။

ဦးစွာ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း၏ဘဏ္ဍာရေးအစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်များက ဖတ်ကြားတင်ပြကြသည်။ ထို့နောက် တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးက



သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့အား အသစ်ပြန်လည် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မတ္တရာမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား သန်ချဆေးများတိုက်ကျွေး

**မတ္တရာ ဇန်နဝါရီ ၃၁**

မတ္တရာမြို့နယ်၌ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာ ရေးကျောင်းများနှင့် ကျောင်းပြင်ပ မူလတန်းပညာရေးကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာ ရေးဆရာမများက ဇန်နဝါရီ ၂၈ရက် နှင့် ၂၉ ရက်တို့တွင် ကျောင်းသား ကျောင်းသူ ၁၅၀၀၀ ကျော်အား သန်ချဆေးတိုက်ကျွေးခြင်း၊ ကျန်းမာ ရေး အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

## ပခုက္ကူမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ မောင်မယ်သစ်လွင်ကြိုဆို

**ပခုက္ကူ ဇန်နဝါရီ ၃၁**

ပခုက္ကူမြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်း၌ (၂၄)ကြိမ် မြောက် သူနာပြုသားဖွားဒီပလိုမာ သင်တန်းသား သင်တန်းသူများ ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပ သည်။




ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြား ပြီး ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝေဝေဦးက မောင်မယ်သစ်လွင် များကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပခုက္ကူမြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်း ကျောင်းအုပ် ကြီး ဒေါ်နိုင်နိုင်အေးက သင်တန်း ကျောင်း သမိုင်းကြောင်းနှင့် သင်တန်း စည်းမျဉ်းစည်းကမ်း များအကြောင်း ရှင်းလင်း ပြောကြားပြီး သင်တန်းသူများက တေးသီချင်းအကများဖြင့် ကပြ ဖျော်ဖြေခဲ့ကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာဆောင်းပါးပြိုင်ပွဲ ကျင်းပ

**မိုင်းရှူး ဇန်နဝါရီ ၃၁**

မိုင်းရှူးမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို စာစီစာကုံး၊ ကဗျာ၊ ပိုစတာဆောင်းပါးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပရာ အထက်တန်းဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် နောင်လာ နောက်သားနှင့် ပြည်ထောင်စုအမွေ၊ ပြည်ထောင်စုပန်းတိုင်သို့ တို့လှမ်း ကိုင်ကြစို့၊ အလယ်တန်းဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် အနာဂတ်လှပဖို့ ပြည်ထောင်စုကို တည်ဆောက်စို့၊ သွေးချင်းညီနောင် တို့ပြည်ထောင်၊ ပါစတာတွင် ဒို့မြေဒို့ရေ ပြည်ထောင်စုအမွေ စသည့်



ခေါင်းစဉ်များဖြင့် ပြိုင်ပွဲများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကို မြို့နယ်အဆင့် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

**သန်းလှူ(ပြန်/ဆက်)**



မြစ်သားမြို့နယ်၌ ပြက္ခရွေကြိုးဝိုင်းအကွက်အမှတ်(၃) ကျေးရွာသုံး စိုက်ခင်းမှထွက်ရှိသော ထင်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ရာ ကျောက်ဆည်ခရိုင် အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဘိုက အခမဲ့ထင်းပေးဝေခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိ ဦးသန့်ဇင်က ပွဲလုံးကျော်ကျေးရွာမှ အိမ်ထောင်စု ၆၀ ထံ ထင်းများ ပေးအပ်စဉ်။

သီတာအောင်(မြစ်သား)

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံပိုင်စက်ရုံလုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိသလို တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။**

ဒေါက်တာလပြည့်ခင်

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဓာတုပစ္စည်းများ အသုံးပြုမှုမှာလည်း လွန်စွာများပြားလာပြီး ထိုဓာတုပစ္စည်းအသုံးပြုသည့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် ဓာတုဓာတ်ကြွင်းများပါဝင်သော စွန့်ပစ်ပစ္စည်းထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း နိုင်ငံတော်၏ ရေထု၊ မြေထု၊ လေထု အပါအဝင် သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ထိခိုက်ပျက်သုဉ်းမှုနှင့် ညစ်ညမ်းမှုများ မဖြစ်စေရေးအတွက် အလေးထား၍ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ညစ်ညမ်းနိုင်သည့် ကိစ္စများကို စနစ်တကျစီမံဆောင်ရွက်ထားမှသာ သာယာလှပသော နိုင်ငံတော်ကြီးကို ရရှိနိုင်မည်ဖြစ်သည်။

> ❖ **ရေအရင်းအမြစ်ကို ထုတ်ယူသုံးစွဲသည့် ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် လိုအပ်သော ရေပမာဏကိုသာ ထုတ်ယူ၍ အကျိုးရှိရှိသုံးစွဲပြီး စနစ်တကျ ပြန်လည်စွန့်ထုတ်ရန်လည်း လိုအပ်**
>
> ❖ **စွန့်ပစ်ရေဆိုးများ(Wastewater)ကိုလည်း သတ်မှတ်စံနှုန်းများရအောင် သေချာစွာသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေခြင်းဖြင့် မြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်းအိုင် စသည့်ရေအရင်းအမြစ်များ မပျက်စီးစေရန်ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်ကြောင်းနှင့် သာယာလှပသော နိုင်ငံတော်ကို ရရှိစေမည်**

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်မှု**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုသည် စက်မှုနည်းပညာ ဖွံ့ဖြိုးမှုနှင့် ဆက်နွယ်လျက်ရှိသည်မှာ လူသားတိုင်း သိထားကြပြီးဖြစ်သည်နှင့်အညီ နည်းပညာ ဖွံ့ဖြိုးလာသည်နှင့်အမျှ သဘာဝအရင်းအမြစ်နှင့် သယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲမှု များပြားလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုများလည်း များပြားလာသောကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်လာရပါသည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် သစ်တောပြုန်းတီးမှုများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အများအပြား စွန့်ထုတ်မှုများဖြစ်ပေါ်လာကာ ကမ္ဘာကြီးပူနွေးမှု၊ ရေခဲတောင်များ အရည်ပျော်မှု၊ ကမ္ဘာ့အိုဇုန်းလွှာ ပါးလွှာပျက်စီးမှုနှင့် ကမ္ဘာ့လေထုအတွင်း အောက်ဆီဂျင်နည်းပါးလာမှု စသည့်ဖြစ်ရပ်များပါ နောက်ဆက်တွဲရလဒ်များအဖြစ် ဖြစ်ပေါ်လာပါသည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည့် စက်မှုကဏ္ဍမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ၊ လေလွင့်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာ အလွန်အရေးကြီးလှသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်ရှိ လူသားတိုင်း၊ နိုင်ငံသားတိုင်း မလွဲမသွေဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်လာပါသည်။

**ဓာတုပစ္စည်းအသုံးပြုစက်မှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အသုံးပြု၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်သောအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများသည် လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို အနည်းနှင့်အများ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းသည် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးကာ ဆိုးကျိုးမဖြစ်ပေါ်စေသော ခေတ်မီဖွံ့ဖြိုးသည့် နည်းပညာသုံးစက်မှုလုပ်ငန်းများ ပေါ်ထွန်းအောင် အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး စွမ်းအင်သုံးစွဲရာတွင်လည်း စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရေး၊ စွမ်းအင်လေလွင့်ပြုန်းတီးမှု မရှိစေသည့် Energy Saving, Energy Conservation လုပ်ထုံးလုပ်နည်းများကို ကျင့်ကြံလိုက်နာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို ဖော်ထုတ်သုံးစွဲရေးတို့ကို အားပေးသွားရမည်ဖြစ်ပါသည်။

**အစိမ်းရောင်စက်မှုလုပ်ငန်းများဖြစ်ပေါ်ရေး**

သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ သာယာဝပြောသည့် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ပိုမိုသန့်ရှင်းသော ထုတ်လုပ်မှုဖြစ်စေသည့် သယံဇာတအရင်းအမြစ် အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့် ထုတ်လွှတ်အခိုးအငွေ့များ အနည်းဆုံးဖြစ်စေရေး၊ ၎င်းတို့၏ ဆိုးကျိုးသက်ရောက်မှုမှ ကာကွယ်မှုများပြုလုပ်ရေး၊ ကောင်းမွန်သန့်ရှင်းသောသဘာဝနှင့် လူ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ် အသုံးချဆောင်ရွက်သွားရပါမည်။ အသစ်တည်ဆောက်မည့် စက်မှုလုပ်ငန်းများတွင်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားပါက အနာဂတ်တွင် Clean Production ဖြင့် တိုးတက်သည်ထက်ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး(GDP)တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမြင့်တက်လာပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို စက်မှုကဏ္ဍက ဦးဆောင်သွားနိုင်သော အခြေအနေသို့ရောက်ရှိရေး၊ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်အတွင်းသို့ ဦးတည်ရာလမ်းကြောင်း မှန်ကန်စွာဖြင့် ဝင်ရောက်နိုင်ရေး၊ ခေတ်ကာလအလိုက် ပြောင်းလဲဖြစ်ပေါ်လာမည့် စီးပွားရေးပတ်ဝန်းကျင်နှင့် ဒေသတွင်း လိုအပ်ချက်များအရ ရည်မှန်းချက်နှင့်မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုကဏ္ဍတစ်ရပ်ကို ဖော်ဆောင်သွားနိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမဖြစ်စေသည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ တည်ထောင်၍ သာယာဝပြောသည့် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး 6Rs အသုံးပြုပေး**

သက်ရှိများအတွက် နေမှလာသော Cosmic Ray ထဲမှ ခရမ်းလွန်ရောင်ခြည်ကို ထီးသဖွယ်ကာကွယ်ပေးထားသည့် အိုဇုန်းလွှာကို ဆက်လက်တည်တံ့စေရေး၊ ပေါက်ပြဲမှုမဖြစ်စေရေးတို့အတွက် လျှပ်စစ်ပစ္စည်းလူသုံးကုန်များတွင် တားမြစ်ထားသည့် Freon gas ကဲ့သို့ အအေးပေးဓာတ်ငွေ့များမပါရှိမှသာ ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော White Pollution ဟု သတ်မှတ်ထားသော ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချခြင်း (Reduce)၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြား၍ ပြန်လည်အသုံးပြုခြင်း (Reuse)၊ အသစ်တစ်ဖန် ပြန်လည်သုံးစွဲရန် ဆောင်ရွက်ခြင်း (Recycle)၊ စားသုံးသူများမှ ၎င်းတို့ မနှစ်သက်သော လူသုံးကုန်ပစ္စည်းများကို ငြင်းပယ်ခွင့်ရှိခြင်း (Refuse)၊ စားသုံးသူများ၏ ကုန်ပစ္စည်းသုံးစွဲမှုပုံသဏ္ဌာန်ကို ပြန်လည်စဉ်းစားသုံးသပ်စေခြင်း (Rethink)၊ ကုန်ပစ္စည်းများကို စားသုံးသူမှ အလွယ်တကူပြုပြင်နိုင်သည့် ဒီဇိုင်းပုံသဏ္ဌာန်ပြုလုပ်စေခြင်း (Repair) အစရှိသည့် 6Rs လုပ်ငန်းများကို ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးမှကြောင့် ပိုမိုသန့်စင်သောထုတ်လုပ်မှု နည်းစဉ်များသုံးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်စေခြင်း၊ စွမ်းအင်စီမံခန့်ခွဲခြင်းနှင့် သိုမှီးခြင်း၊ ပုံစံမျိုးစုံတွင်ပါဝင်သောစွမ်းအင် ထိရောက်မှုနည်းပညာအသစ်များ ရှာဖွေခြင်း၊ အစားထိုးပစ္စည်းအသစ်များ သုံးစွဲခြင်း၊ စက်လည်ပတ်မှုဆိုင်ရာ နည်းပညာအသစ်များ ရှာဖွေခြင်း၊ အသစ်ပြန်ဖြစ်နိုင်သော စွမ်းအင်အသုံးပြုမှုများနှင့် ပြန်လည်ဖြည့်စွမ်းနိုင်ပြီး ရေရှည်ဖွံ့ဖြိုးသော သယံဇာတများအပေါ် ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းများသည် ကုန်ထုတ်စွမ်းအား တိုးတက်မှု၊ ကုန်ပစ္စည်းမျိုးစုံ ပိုမိုထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာအထောက်အကူဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပါသည်။

**နိုင်ငံတော်သာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

နိုင်ငံတော်သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံလွှတ်တော်မှလည်း **“ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ”** ကို ၃၀-၃-၂၀၁၂ ရက်နေ့တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်အရည်အသွေးများကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ လူသားတို့ ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ အပါအဝင် တိရစ္ဆာန်၊ အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်အလက်များနှင့် သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒ၊ အလှအပဆိုင်ရာများ ပါဝင်သော သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရေးအတွက်နှင့် လူတို့ဖန်တီးပြုလုပ်ထားသောပစ္စည်းများ ပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုတို့သည် ပတ်ဝန်းကျင်အရည်အသွေးများဖြစ်ပါသည်။

အဆိုပါ ပတ်ဝန်းကျင်အရည်အသွေးများ တည်တံ့ရေးအတွက် စက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေး၊ စွန့်ပစ်ပစ္စည်းများလျှော့ချရေး၊ စွန့်ပစ်ပစ္စည်းများ ဖယ်ရှားရေးတို့ကို တစ်ပြေးညီ ကျင့်သုံးဆောင်ရွက်သွားရပါမည်။ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (UNEP) အရ သန့်ရှင်းသောထုတ်လုပ်မှုအစီအစဉ် ဖြစ်စေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ကြရန်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ညစ်ညမ်းမှု တားဆီးရေးဆိုင်ရာ ရေထု လေထုထိန်းချုပ်ရေး လုပ်ငန်း**

စက်မှုဝန်ကြီးဌာနမှလည်း စက်ရုံအလုပ်ရုံများ ရေထုနှင့်လေထုအတွင်း ကျရောက်နိုင်သည့် စွန့်ပစ်ပစ္စည်းများ ဖယ်ရှားခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ညစ်ညမ်းမှုတားဆီးရေးတို့အတွက် ရေထု လေထုထိန်းချုပ်ရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါသည်။ ထို့အတွက် စက်ရုံအလုပ်ရုံများမှ လိုအပ်သောအချက်အလက်များဖြစ်သည့် စက်မှုလုပ်ငန်းအမျိုးအစား၊ စက်ရုံအမည်၊ တည်နေရာအနေအထား၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်မှုပမာဏ၊ ထုတ်လုပ်မှုနည်းစဉ်၊ ထုတ်လုပ်မှု နည်းစဉ်တစ်ခုစီမှ စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့်ပမာဏ၊ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း(အရည်၊ အငွေ့)ပမာဏ၊ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာနှင့် နည်းလမ်း၊ မည်သည့် စွန့်ပစ်ပစ္စည်းမဆို စွန့်ပစ်ခြင်းမပြုမီ ပြုပြင်မှုပြုလုပ်ခြင်း၊ အသုံးပြုမည့် လောင်စာအမျိုးအစားနှင့် ပမာဏနှင့် လွယ်ကူရှင်းလင်းပြီး တိကျသေချာသည့်ပုံစံတို့ကို ပြုစုထားရှိရန် လိုအပ်ပါသည်။

**ဓာတုပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

အစစအရာရာ တိုးတက်ထွန်းကားနေသည့် ယနေ့ခေတ်ကြီးထဲတွင် ကုန်ထုတ်လုပ်ငန်းများ၌ ကုန်ကြမ်းအဖြစ် အသုံးပြုနေကြသော ဓာတုပစ္စည်းများ အရေအတွက်မှာ အများဆုံးဖြစ်နေပြီး စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်သော လူသုံးကုန်ဓာတုပစ္စည်းများမှာ အနည်းငယ်သာရှိပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဓာတုပစ္စည်းအမျိုးအစားများမှာ နှစ်စဉ်တိုးပွားလျက်ရှိနေရာ ယခုအခါ ဓာတုပစ္စည်း အမျိုးအစားပေါင်းများစွာရှိနေပြီး ၎င်းနှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်များမှာလည်း များသထက် များပြားလာနေပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကမ္ဘာတစ်ဝန်းရှိ ကုန်ထုတ်လုပ်ငန်းခွင်များတွင် ဓာတုပစ္စည်းများကြောင့် သေဆုံးရမှုများလည်း သုံးသိန်းနီးပါးခန့်ရှိနေပါသည်။ သို့သော် စားသုံးသူများအနေဖြင့် ဓာတုပစ္စည်းများ၏ ကောင်းကျိုးဆိုးကျိုးကို အလွယ်တကူသိရှိနိုင်ရန် ခက်ခဲပြီး ကာကွယ်တားဆီးနိုင်ရန်အတွက် ကုန်ကျမှုစရိတ်မှာလည်း အလွန်များပြားလှပါသည်။ ထို့ကြောင့် ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လွဲမှားစွာအသုံးမပြုရေးတို့အတွက် လူတိုင်းတွင် တာဝန်ကိုယ်စီရှိကြောင်း သိရှိပြီး ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်လှပါသည်။

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသာယာဝပြောရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကပါဝင်ဆောင်ရွက်နေသည့် စက်မှုဝန်ကြီးဌာနအနေဖြင့် **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများ"** ထုတ်ပြန်ခဲ့ပြီး လိုအပ်သည့် ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ ကန့်သတ်ဓာတုပစ္စည်းအမျိုးအစားပေါင်း ၈၀၊ တားမြစ်ဓာတုပစ္စည်း ၁၃၈ မျိုးနှင့် လိုအပ်သလို အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်၍ ထိန်းချုပ်ကွပ်ကဲခဲ့ပါသည်။

ထို့အပြင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက်များ ထုတ်ပေးခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သက်ရှိများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကာကွယ်နိုင်ရန်အတွက် **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာ အမိန့်"** အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ စွန့်ပစ်ခြင်းလုပ်ငန်းလိုင်စင်နှင့် စွန့်ပစ်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်တို့ ထုတ်ပေးခြင်းဖြင့် စိစစ်ထိန်းချုပ်ကွပ်ကဲလျက်ရှိပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်သာယာစေရေးတွင် အဓိကကျသည့်စက်မှုလုပ်ငန်းများသည် ကောင်းကျိုးနှင့် ဆိုးကျိုးပေးနေသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မဖြစ်မနေထည့်သွင်း အသုံးပြုနေရပြီး ယင်းတို့မှထွက်လာသည့် စွန့်ပစ်ပစ္စည်းများသည် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့်အများ ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ် ပစ္စည်းသုံးစွဲသူများအနေဖြင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို ဤလုပ်ထုံးလုပ်နည်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြဋ္ဌာန်းထားသော ရေပေးရေးနှင့် အညစ်အကြေး သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးရေညစ်များကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တူးမြောင်း၊ ရေတွင်းနှင့် ရေကန်များသို့ တိုက်ရိုက်စွန့်ပစ်မှုမပြုစေခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမရှိစေရေးနှင့် အိုဇုန်းလွှာပျက်စီးခြင်းမှ ကာကွယ်ရန် နည်းလမ်းများကို ဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သည့် ပမာဏအား လျှော့ချခြင်း၊ ထပ်မံအသုံးပြုခြင်းနှင့် စွမ်းအင်အဖြစ် ပြန်လည်အသုံးပြုခြင်းတို့ကို ဆောင်ရွက်စေခြင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းရေးအတွက် စွန့်ပစ်ပစ္စည်း သန့်စင်သည့်စနစ်များကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ လိုအပ်ပါက အထူးစစ်ဆေးခြင်းတို့ကို ခံယူခြင်းနှင့် မှတ်တမ်းထိန်းသိမ်းထားရှိစေခြင်း၊ လုပ်ငန်းရှင်သည် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာခြင်းမရှိသည့်အတွက် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ပွားမှုများကို တာဝန်ယူစေခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ လုပ်ငန်းလုပ်ကိုင်သူများသည် မီးလောင်ပေါက်ကွဲခြင်း၊ ပတ်ဝန်းကျင်သို့ မလိုလားသည့်အနေအထားဖြင့် ပျံ့နှံ့ခြင်းမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်လာပါက အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သလို ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်ရပါမည်။

လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် လျော့ပါးစေရန်အတွက် အလုပ်လုပ်ကိုင်နေသူများ အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ကာကွယ်ရေးတို့အတွက် ထိရောက်သော ထိန်းချုပ်မှုပြု၍ လူဦးရေအနည်းဆုံးဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် မဖြစ်မနေထိတွေ့ဆောင်ရွက်ရန် လိုအပ်သည့်အချိန်နှင့် ထိတွေ့ရမည့် အန္တရာယ်ရှိ ပစ္စည်းများ၏ အနည်းဆုံးပမာဏဖြစ်စေရန် ကန့်သတ်ဆောင်ရွက်စေခြင်း စသည်ဖြင့် လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။

ထို့အပြင် ဤဥပဒေအရ ညစ်ညမ်းသည့်စွန့်ပစ်ရည်များကို စနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် "အရက်၊ ဘီယာနှင့် ဝိုင်ထုတ်လုပ်သည့် စက်ရုံများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်"၊ "အမိုးနီးယားဓာတ်ငွေ့ အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန်"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာမူဝါဒ"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ" အား ထုတ်ပြန်သတိပေးနိုင်ခဲ့ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် စက်ရုံအလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေဆိုး၊ အမှုန်အမွှားနှင့် မြေဆီလွှာပျက်စီးမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့် နည်းပညာအကူအညီနှင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပေးလျက်ရှိပြီး အရက်ချက်နှင့် ဘီယာစက်ရုံကြီးများ၌ စွန့်ပစ်ရည် အရည်အသွေးအား အချိန်နှင့်တစ်ပြေးညီ တိုင်းတာစောင့်ကြပ်ကြည့်ရှုသည့်စနစ် တပ်ဆင်စေ၍ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ထောက်ခံချက်၊ လိုင်စင်နှင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် အသိပညာပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုရေး**

စက်မှုဝန်ကြီးဌာနက **သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် စွမ်းအင်ခြိုးခြံ သုံးစွဲနိုင်ရေးအတွက်** စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ် (National Energy Efficiency and Conservation Policy, Strategy and Roadmap) ကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမူဝါဒတွင် ၂၀၁၂ ခုနှစ်၏ စွမ်းအင်သုံးစွဲမှုကို အခြေခံ၍ ၂၀၃၀ ပြည့်နှစ်တွင် (၂၀%) စွမ်းအင်သုံးစွဲမှုလျှော့ချရန်ဟူသော ရည်မှန်းချက်များကို ချမှတ်ခဲ့ပြီး စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)အား သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်သွားရန်ရှိပါသည်။

စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲခြင်းဖြင့် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံ၏ စက်ရုံအလုပ်ရုံများတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များ သက်သာနိုင်စေရန်၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန်နှင့် စွမ်းအင်သုံးစွဲရာမှ ထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကို လျှော့ချနိုင်စေရန်နှင့် အဆောက်အအုံကဏ္ဍ၌ ဟိုတယ်များ၊ Super Market နှင့် Shopping Mall များ၊ ဆေးရုံများစသည့် စီးပွားရေးအဆောက်အအုံများ (Commercial Building) တွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်စေရေးနှင့် ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ စက်မှုဆိုင်ရာနှင့် အဆောက်အအုံဆိုင်ရာကဏ္ဍကြီးနှစ်ရပ်တွင် စွမ်းအင်သုံးစွဲမှု စစ်ဆေးပေးခြင်း/Energy Audit ပြုလုပ်ခြင်း၊ စွမ်းအင်သုံးစွဲမှုများသော စက်ရုံများ၊ စီးပွားရေးအဆောက်အအုံများအတွက် Energy Manager များ ခန့်ထားနိုင်ရန် မွေးထုတ်ပေးခြင်း၊ Energy Efficiency and Conservation Technology များ လက်ဆင့်ကမ်းပို့ချပေးခြင်း၊ စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ၊ စီးပွားရေးအဆောက်အအုံများအား ဥပဒေမူဘောင်များဖြင့် ထိန်းကျောင်းနိုင်ရေးနှင့် တစ်ဖက်မှ နိုင်ငံတော်၏အားပေးထောက်ပံ့မှုများ ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ လက်တွေ့အသုံးချနိုင်မည့် စွမ်းအင်သုံးစွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်သွားရန်၊ Energy Service Companies (ESCOs) များ ပေါ်ပေါက်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် Energy Efficiency လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် Initial Investment များ ရရှိနိုင်ရန် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Loan Program များ ထောက်ပံ့နိုင်ရေးအတွက် လိုအပ်သော Financing Mechanism များ သတ်မှတ်ရေးဆွဲရန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**မရှိမဖြစ်ရေနှင့် ရေထုညစ်ညမ်းမှုထိန်းချုပ်ရေး**

သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် မရှိမဖြစ် လိုအပ်သောအရာသည် ရေပင်ဖြစ်ပြီး နေ့စဉ်အသုံးပြုရန်၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ဆက်သွယ်သွားလာရေးနှင့် စက်မှုလုပ်ငန်းများတွင် နည်းအမျိုးမျိုးဖြင့် အသုံးပြုကြရပါသည်။ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အရေးကြီးလိုအပ်ချက်ဖြစ်သောကြောင့် စက်မှုလုပ်ငန်းများအတွက် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုရန် စက်မှုလုပ်ငန်းသုံးရေကို သဘာဝသယံဇာတအရင်းအမြစ်တစ်ခုဖြစ်သော မြစ်ချောင်း၊ အင်းအိုင်များနှင့် မြေအောက်ရေတို့မှ မဖြစ်မနေ ထုတ်ယူသုံးစွဲနေရပါသည်။

ရေအရင်းအမြစ်ကို ထုတ်ယူသုံးစွဲသည့် ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် လိုအပ်သော ရေပမာဏကိုသာ ထုတ်ယူ၍ အကျိုးရှိရှိသုံးစွဲပြီး စနစ်တကျ ပြန်လည်စွန့်ထုတ်ရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင်းရှိအဓိကကျသောမြစ်ချောင်း အင်းအိုင်များသည် အထက်ပါလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ ရေကြောင်းပြုပြင် ထိန်းသိမ်းရေးမှာလည်း အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

သဘာဝရေထဲတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ကို ထိခိုက်လျော့နည်းစေမည့် ဓာတုပျော်ဝင်ပစ္စည်းများနှင့် မပျော်ဝင်ပစ္စည်းများကို မစွန့်ထုတ်စေရန် အလွန်အရေးကြီးပါသည်။ ရေထု ညစ်ညမ်းမှုသည် သဘာဝတရားကြောင့် အဖြစ်နည်းပြီး လူ့ပယောဂကြောင့်သာ ညစ်ညမ်းမှုများပြားကြောင်း တွေ့ရှိရပါသည်။ ရေထဲတွင်ရေမဟုတ်သော အခြားအရာများသည် အတိုင်းအတာတစ်ခုထက် ပိုမိုပါဝင်လာပြီး သောက်သုံးရန်နှင့်စွန့်ပစ်ရန် သင့်တော်မှုမရှိလျှင် ရေထုညစ်ညမ်းခြင်း ဖြစ်စေပါသည်။ ရေထဲတွင် ပျော်ဝင်သည့် စွန့်ထုတ်ဓာတုပစ္စည်းများကြောင့် စွန့်ပစ်ရေတွင် အက်စစ်ဓာတ်နှင့် အယ်ကာလီဓာတ်လွန်ကဲခြင်းကို ဖြစ်စေပါသည်။

ထို့အပြင် ရေ၏အပူချိန်သည် ပါဝင်ခွင့်ပြုနိုင်သော အပူချိန်ထက်မြင့်မားနေခြင်းနှင့် အဆိပ်အတောက်ဖြစ်စေမည့် ဆိုင်ယာနိုက် (CN)၊ အာဆင်းနစ်(As)၊ ပြဒါး(Hg)၊ ကဒ်မီယမ်(Cd)၊ ခဲ(Pb)၊ ခရိုမီယမ် (Cr) စသည့်ဓာတုပစ္စည်းများကို ရေထဲသို့ တိုက်ရိုက်မစွန့်ထုတ်ရန် အလွန်အရေးကြီးပါသည်။ ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးအန္တရာယ်ကို ဖြစ်စေမည့် ဤအဆိပ်အတောက်များ ပါဝင်မှုမရှိစေရေးနှင့် ပါဝင်မှုကို အန္တရာယ်ကင်းစွာစွန့်ထုတ်နိုင်သော နည်းစဉ်သစ်များနှင့် စက်များကို ရွေးချယ်ရန် လိုအပ်ပါသည်။

သင့်လျော်သော စွန့်ပစ်ရေသန့်စင်မှုနည်းစနစ်များကို အသုံးပြုပြီး စွန့်ပစ်ကွန်ကရစ်ကန်များမှ ထုတ်လွှတ်ခြင်း၊ မြေသားကန်များတွင် စိမ့်ဝင်စေခြင်း၊ အငွေ့ပျံခန်းခြောက်စေခြင်း ဓာတ်တိုးရေမြောင်းများဖြင့် အဆင့်ဆင့်စစ်ထုတ်ကိရိယာနည်းစဉ်များ အသုံးပြုစွန့်ထုတ်နည်းများဖြင့် မြန်မာ့စက်မှုလုပ်ငန်းများမှ သတ်မှတ်ထားသည့် စွန့်ပစ်ရည် အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းအတိုင်းရအောင် သန့်စင်ပြီးနောက် ဇေဒါကန်များဖြင့် အဆင့်ဆင့်စစ်ထုတ်ပြီးမှသာ နီးစပ်ရာ ကန်၊ ချောင်း၊ အင်းအိုင်များသို့ စွန့်ထုတ်ရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ စနစ်တကျနှင့် လိုအပ်သောပမာဏခန့်သာ ထုတ်ယူပြီး အကျိုးရှိရှိသုံးစွဲရန်နှင့် ပြန်လည်စွန့်ထုတ်သည့်အခါ၌လည်း စနစ်တကျဖြစ်စေရန် စက်ရုံစတင်တည်ဆောက်စဉ်ကပင် တိုင်းတာတွက်ချက်ထားရန် လိုအပ်ပါသည်။ စက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်သည့်အခါ ရေနှင့်လေထုကို ညစ်ညမ်းခြင်းမရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစဉ်များဖြစ်စေရန် အလေးဂရုပြုဆောင်ရွက်သင့်ပါသည်။

စွန့်ပစ်ရေဆိုးများကြောင့် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် အဆက်မပြတ်သုတေသန ပြုလုပ်၍ ညစ်ညမ်းမှုမှ ကာကွယ်ရေးအတွက် လိုအပ်မည့် အစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် မြစ်ချောင်းများအနီးတစ်ဝိုက်တွင် တည်ရှိသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်ရေဆိုးများကြောင့် ထိုရေကို အသုံးပြုနေသူများ၊ မြစ်ချောင်းထဲရှိ ရေနေသတ္တဝါများ၊ အပင်များ စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများအနေဖြင့်လည်း စက်ရုံများမှ စွန့်ထုတ်ပစ္စည်းများဖြစ်သော အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်စေရန် အထူးသတိပြု စောင့်ရှောက်သင့်ပါသည်။

ထို့အပြင် စွန့်ပစ်ရေဆိုးများ(Wastewater)ကိုလည်း သတ်မှတ်စံနှုန်းများရအောင်သေချာစွာသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေခြင်းဖြင့် မြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်းအိုင် စသည့် ရေအရင်းအမြစ်များ မပျက်စီးစေရန်ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်ကြောင်းနှင့် သာယာလှပသောနိုင်ငံတော်ကို ရရှိစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ၂၀၂၆ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇန်နဝါရီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေးတို့၏ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ဒေါက်တာ လွင်သန့်၊ စိုးစိုး (ပန်းတောင်း)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါး၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၊ မြသိန်း၊ ဆောင်းဝင်းလတ်တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မြင့်မောင် (Phil-Q) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ကိုဇော်ငြေး (ယဉ်ကျေးမှု) ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ နေ၏ လူကုန်ကူးမှုဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ရဲထက်ဇော်၊ ကိုကိုအောင် (အလုပ်သမား)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ပါမောက္ခဦးသိန်းလှိုင်၊ စိန်ဝင်းနွယ်၊ အန်ကယ်စိုး၊ ကိုဇေယျ၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၃၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ကျောင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ စစ်တုရင်ပြိုင်ပွဲတွင် ညောင်ဦးမြို့နယ် စစ်တုရင်ဆပ်ကော်မတီအတွင်းရေးမှူး ဦးမင်းခိုင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ စစ်တုရင်ပြိုင်ပွဲသို့ အခြေခံပညာအထက်တန်းကျောင်း (ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ အမှတ်(၄) မူလတန်းလွန်ကျောင်း၊ ဇေတဝန်ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **ဒီပါလင်း**

## တီးတိန်မြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေး

**တီးတိန် ဇန်နဝါရီ ၃၁**

တီးတိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက်မြို့နယ်အဆင့် အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်က တီးတိန်မြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဆေးရုံအုပ်ဒေါက်တာ ထောင်းရှန်းစောန်းခိုင်က နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မှတ်တမ်းဗီဒီယိုကို ပြသပြီး ဦးစီးအရာရှိ ဒေါ်ဇမ်းကျိုန်က တီးတိန်မြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး အသိပညာပေးဆွေးနွေး

**ကျောင်းကုန်း ဇန်နဝါရီ ၃၁**

ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး အသိပညာပေးဆွေးနွေးပွဲကို ဒေါ်သန်းတင်ဆောင်ခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးနိုင်က မြို့နယ်အတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု အများဆုံးကျန်းမာရေးဌာနကို ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ တက်ရောက်ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မြိတ်မြို့၌ MNCH and Data Training for Volunteers သင်တန်းဖွင့်

**မြိတ် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြည်သူလူထုအခြေပြု မိခင်၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးများ ပြုစုစောင့်ရှောက်မှုပေးခြင်းအတွက် MNCH and Data Training for Volunteers သင်တန်းကို မြိတ်မြို့၌ ဇန်နဝါရီ ၃၀ ရက်က Hotel Grand Jade ခန်းမ၌ဖွင့်လှစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က အမှာစကား ပြောကြားပြီး သင်တန်းသူများအတွက် အထောက်အကူပြုဖုန်းများအား ပေးအပ်ရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစောဥမ္မာဝင်းက လက်ခံရယူသည်။



သင်တန်းတွင် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှု၊ အန္တရာယ်လက္ခဏာများနှင့် ဆောင်ရန်/ရှောင်ရန်အချက်များ၊ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု၊ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ စသည့် သင်ခန်းစာများကို နှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်သည်။ **ခိုင်ထူး(ပြန်/ဆက်)**



ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနယ်လ်ဆင်လှမြိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက တောမီးကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို ဇန်နဝါရီ ၂၉ ရက်က လွိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်၌ ပြုလုပ်စဉ်။ မေစု(ပြန်/ဆက်)



မြင်းခြံမြို့နယ် စည်ပင်သာယာဈေး၌ ဇန်နဝါရီ ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ချစ်ဦးနွေ(မြင်းခြံ)

### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နီပါးရ်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နိုင်ခြေနည်းပါးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြော

**ဂျီနီဗာ ဇန်နဝါရီ ၃၁**

အိန္ဒိယနိုင်ငံတွင် နီပါးရ်ဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်ဦးကို ဇန်နဝါရီ ၂၇ ရက်က အတည်ပြုခဲ့ပြီးနောက် ယခုအခါ ခရီးသွားလာမှု သို့မဟုတ် ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်များ မပြုလုပ်ရန် အကြံပြုကာ နီပါးရ်ဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နောက်ဆုံးထုတ်ပြန်ထားသည်။

အနောက်ဘင်္ဂေါပြည်နယ် ဆေးရုံတစ်ရုံ၌ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ဒီဇင်ဘာလနှောင်းပိုင်းတွင် နီပါးရ်ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း၊ အဆိုပါ ကျန်းမာရေးဝန်ထမ်းနှစ်ဦးမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်းနှင့် အခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ လိုအပ်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အစီအမံများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ထိုင်း၊ အင်ဒိုနီးရှားတို့ကဲ့သို့ အာဆီယံနိုင်ငံများသည် ဗိုင်းရပ်စ်ထိန်းချုပ်ရန် ကြိုတင်ကာကွယ်ရေး အစီအမံများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ထိုင်းတာဝန်ရှိသူများသည် အနောက်ဘင်္ဂေါမှ ရောက်ရှိလာသော ခရီးသွားများအား နိုင်ငံတကာလေဆိပ်များတွင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အခြားအိန္ဒိယပြည်နယ်များသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံပြင်ပသို့လည်းကောင်း ရောဂါကူးစက်ပြန့်ပွားနိုင်ခြေမှာ နည်းပါးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ **အင်န်အိတ်ချ်ကေ**




## အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၅၉ ခု ပြီးစီး၍ လုပ်ငန်းလည်ပတ်

**ကဘူးလ် ဇန်နဝါရီ ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ် ချောကေခရိုင်၌ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း စုစုပေါင်း ၅၉ ခု ပြီးစီးပြီဖြစ်ရာ လုပ်ငန်းလည်ပတ်နေပြီဖြစ်ကြောင်း တရားဝင်မီဒီယာ ဘတ်ခ်ထာက ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

အာဖဂန်နီ ၉၇ သန်းကျော် တန်ဖိုးရှိ အဆိုပါ စီမံကိန်းတွင် အခြေခံအဆောက်အအုံများ တိုးတက် ကောင်းမွန်လာစေရန်၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရန်နှင့် ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပံ့ပိုးပေးရန် ရည်ရွယ်သည့် ဆည်မြောင်းများ၊ ရေပေးဝေရေး ကွန်ရက်များနှင့် ရေထိန်းနံရံများပါဝင်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုမိုကောင်းမွန်သည့် လမ်းများနှင့် ဆည်မြောင်းစနစ်များသည် ၎င်းတို့၏ ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူစေမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာစေမည်ဟု ဒေသခံများက ဆိုသည်။

မကြာသေးမီ နှစ်များအတွင်း အာဖဂန်အစိုးရနှင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့များသည် အခြေခံလုပ်ငန်းများမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ရန် ကျေးလက်ဒေသများ၌ အခြေခံအဆောက်အအုံ စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## ရာသီဥတုဆိုးရွားမှုကြောင့် လကမ္ဘာစူးစမ်းလေ့လာရေး Artemis II မစ်ရှင်အတွက် အစမ်းလေ့ကျင့်မှုနှင့် လွှတ်တင်မည့်ရက် ရွှေ့ဆိုင်း

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၃၁**

ရာသီဥတုအလွန်အေးခဲမှုကြောင့် လကမ္ဘာစူးစမ်းလေ့လာရေး လူလိုက်ပါ Artemis II မစ်ရှင်အတွက် လောင်စာဖြည့် အစမ်းလေ့ကျင့်မှုနှင့် လွှတ်တင်မည့် အချိန်ဇယားတို့ကို ရွှေ့ဆိုင်းလိုက်ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် နာဆာက ပြောကြားထားသည်။

လောင်စာဖြည့် အစမ်းလေ့ကျင့်မှုကို ဇန်နဝါရီလ နှောင်းပိုင်းတွင်ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဖလော်ရီဒါပြည်နယ်အတွင်းသို့ အအေးလှိုင်းဖြတ်သန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြီးခဲ့သည့်ရက်များအတွင်း အခြေအနေများကို အင်ဂျင်နီယာများက အနီးကပ်စောင့်ကြည့်ခဲ့ကြကြောင်း။

ယခုအခါ ဖလော်ရီဒါပြည်နယ် နာဆာ၏ ကနေဒီအာကာသစင်တာတွင် လူလိုက်ပါ Artemis II မစ်ရှင်အတွက် လောင်စာဖြည့် အစမ်းလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂ ရက်တွင်ပြုလုပ်ရန်ရည်ရွယ်ထားကြောင်း၊ လောင်စာဖြည့်အစမ်းလေ့ကျင့်မှုသည် ဒုံးပျံမလွှတ်တင်မီ လုပ်ဆောင်ရသည့် အဓိကစမ်းသပ်ချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

Artemis II မစ်ရှင်သည် အာကာသယာဉ်မှူး လေးဦးကို လကမ္ဘာအနီးသို့ စေလွှတ်ပြီး ကမ္ဘာမြေသို့ ပြန်လာမည့် ၁၀ ရက်ခန့်ကြာ ခရီးစဉ်ဖြစ်သည်။

ယင်းမှာ နှောင်အနာဂတ်တွင် အမေရိကန်ပြည်ထောင်စု၏ လမျက်နှာပြင်ပေါ်သို့ လူလိုက်ပါသွားမည့် ခရီးစဉ်အတွက် အရေးပါသော နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ **ဆင်ဟွာ**



## ကွန်ဂိုနိုင်ငံ အရှေ့ပိုင်း၌ သတ္တုမိုင်းတွင်း ပြိုကျမှုကြောင့် ၂၀၀ ခန့်သေဆုံး

**ကင်ရှာဆာ ဇန်နဝါရီ ၃၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း ရူဘာရာဒေသရှိ ကိုလ်တန် သတ္တုတွင်းနေရာများတွင် သတ္တုတွင်းများပြိုကျမှုကြောင့် တွင်းလုပ်သား ၂၀၀ ခန့် သေဆုံးခဲ့ကြောင်း အမ် ၂၃ လက်နက်ကိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၃၀ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

သေဆုံးသူအများစုမှာ တွင်းလုပ်သားများဖြစ်ကြပြီး မြေမြုပ်သေဆုံးခဲ့ရသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ၂၀၂၄ ခုနှစ် ဧပြီလမှစတင်ကာ လက်နက်ကိုင်အဖွဲ့က ရူဘာရာဒေသ ကိုလ်တန် သတ္တုတွင်းများရှိရာဒေသကိုထိန်းချုပ်ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သတ္တုတွင်းများ ပြိုကျခဲ့ခြင်းဖြစ်သည်။

ကိုလ်တန် သို့မဟုတ် ကိုလမ်ဘိုက်-တန်တာလိုက်သည် တန်တာလမ်သတ္တု၏ အဓိကအရင်းအမြစ်ဖြစ်ပြီး ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှားပါးပစ္စည်းဖြစ်သည်။ ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ ရူဘာရာဒေသမှ ထွက်ရှိသည့် တန်တာလမ်သည် ကမ္ဘာ့တန်တာလမ်ထောက်ပံ့မှု၏ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ**



## သီရိလင်္ကာကမ်းခြေစောင့်တပ်ဖွဲ့က ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂၁ ဦးကို ကယ်ဆယ်နိုင်ခဲ့

**ကိုလံဘို ဇန်နဝါရီ ၃၁**

သီရိလင်္ကာကမ်းခြေစောင့်တပ်ဖွဲ့ (SLCG) သည် ဇန်နဝါရီလအတွင်း အသက်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေနစ်နေသည့် ပြည်တွင်းနှင့်ပြည်ပ ခရီးသွား ၂၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း SLCG က ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကျွန်းတစ်ဝိုက် အဓိက ခရီးသွား ကမ်းခြေများတွင် အသက်ကယ်စခန်း ၁၇ ခု ဖွင့်ထားကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ ကယ်ဆယ်ရေးအဖွဲ့များက အားကောင်းသည့် ရေစီးကြောင်းများနှင့် ကြမ်းတမ်းသည့် ပင်လယ်လှိုင်းများထဲမှ နိုင်ငံခြားသား ၁၅ ဦးနှင့် သီရိလင်္ကာနိုင်ငံသားခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်မှစကာ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံခြားသား ၁၁၇၉ ဦး အပါအဝင် လူပေါင်း ၂၅၆၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သီရိလင်္ကာ ကမ်းခြေများသည် နှစ်စဉ် ထောင်နှင့်ချီသည့် ခရီးသည်များကို ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကမ္ဘောဒီးယား၌ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကြောင့် လူပေါင်း ၇၀၀ ခန့် သေဆုံး

**ဖနောင်ပင် ဇန်နဝါရီ ၃၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ် အတွင်း အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကြောင့် လူပေါင်း ၇၀၀ ခန့် သေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်သည့် နှစ်စဉ်အစီရင်ခံစာအရ သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း နောက်ထပ် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ကူးစက်ခံရသူ ၁၂၀၀ ရှိပြီး ကူးစက်မှုနှုန်းမှာ လူပေါင်း ၁၀၀၀ တွင် ၀ ဒသမ ၀၇ ရှိသည်ဟု သိရသည်။ နိုင်ငံအတွင်း အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကူးစက်ခံထားရသူ အကြမ်းဖျင်းအားဖြင့် ၇၆၀၀၀ ခန့်ရှိပြီး ၎င်းတို့ထဲမှ လူပေါင်း ၇၁၆၉၇ ဦးမှာ အိတ်ချ်အိုင်ဗွီဆေးဝါးများ သောက်သုံးနေရကြောင်း အစီရင်ခံစာအရ သိရသည်။ **ဆင်ဟွာ**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ပြခန်း ၁၅ ခန်း ပါဝင်ပြသသွားမည်



**နေပြည်တော် ဇန်နဝါရီ ၃၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခြောက်ရက်တာ ကျင်းပသွားမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) တွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြု ပြခန်း ၁၅ ခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြခန်းများအပြင် ဝန်ကြီးဌာနပြခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ စသည်ဖြင့် ပြခန်း စုစုပေါင်း ၁၂၄ ခန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျင်းပရေးဗဟိုကော်မတီကဦးဆောင်ပြီး လုပ်ငန်းကော်မတီ ၁၁ ခုတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များ စနစ်တကျ အချိန်မီပြီးစီးရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်မည့် ပြခန်းများတွင် MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အသေးစားထုတ်ကုန်များ (Micro Enterprises)၊ အငယ်စားထုတ်ကုန်များ (Small Enterprises)၊ အလတ်စား ထုတ်ကုန်များ (Medium Enterprises)၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည် စသည့် အသေးစား စက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်များ၊ ကုန်ထုတ် သမဝါယမ အသင်းစွမ်းဆောင်ရည်နှင့် ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်များကိုလည်း ထည့်သွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် ထင်ရှားလူကြိုက်များသည့် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချပေးမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်

## ဝမ်းတွင်းမြို့နယ် သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သမဝါယမအသင်းစု (လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ဝမ်းတွင်းမြို့နယ် သမဝါယမအသင်းစု (လီမိတက်)ဥက္ကဋ္ဌ ဦးဇော်ဝင်းဖေက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက သမဝါယမ အသင်း ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် အမှုဆောင်အဖွဲ့ဝင် ဦးကျော်ငြိမ်းနှင့် မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးတို့က နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှေ့လုပ်ငန်းစဉ်အား ဖတ်ကြားတင်သွင်းခြင်း၊ လုပ်ငန်းအစီရင်ခံစာ တင်ပြသည့် ဆွေးနွေးချက်များကို ဆုံးဖြတ်ချက်ရယူခြင်း၊ အတည်ပြုချက် ရယူကြေညာခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



မတ္တရာမြို့နယ် မြို့မဈေး၌ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လေ့ကျင့်သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်စဉ်။ ရွှေရာသား

## အင်းစိန်မြို့နယ်၌ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆွေးနွေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၆ ခုနှစ် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး (Talk Show) ဆွေးနွေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးဟောပြောပွဲတွင် မေးမြန်းသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးအရာရှိ ဒေါ်စုမြတ်ဝင်းက ဆောင်ရွက်၍ ဆွေးနွေးသူအဖြစ် မြို့နယ်စာပေဥယျာဉ် (Book Club) အသင်း ဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)က လာမည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် မိဘဆရာများပူးပေါင်း၍ မိမိတို့၏ သားသမီး တပည့်များကို ငယ်စဉ်ကလေးဘဝမှ ကျောင်းသားဘဝများအထိ ဝံသာနုရက္ခိတတရား၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးစိတ်ဓာတ်များ ကိန်းအောင်းနိုင်ရန်အတွက် ဘက်ပေါင်းစုံမှ သင်ကြားပေးရန် ဆွေးနွေးဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

### မွေးသက္ကရာဇ်အမှန်

တာချီလိတ် အထက (ဟောင်လိတ်) Grade-9 တွင် ပညာသင်ကြားနေသော မကြယ်စင်သော် ၁၃/ တခလ(နိုင်) ၁၄၃၃၅၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၁၁-၂၀၀၉ ဖြစ်ပါကြောင်း။ **မကြယ်စင်သော်**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးငွေဌေး၏ သမီး ဒေါ်ငြိမ်းအိဆုမွန် ၇/ ပမန(နိုင်) ၁၇၇၁၈၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် M-962348 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၈၈၀၆၈၀၈၃၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၆၊ ဦးပိုင်အမှတ် ၃၂၀-က/၂၉x၃၁ လမ်းကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေကြည် ၁၃/လရန(ပြု)၀၀၀၁၇၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)**
**အောင်မြေသာစံခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉**
**ကွယ်လွန်သူ ဦးခွေးမောင်လေး၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ မြို့သာကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခွေးမောင်လေး ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်လှသန်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခွေးမောင်လေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လှသန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ စကားဝါလမ်း၊ မြေကွက်အမှတ် ( ၇၆၆ )၊ အကျယ်အဝန်း ( ၄၅ပေ × ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ချိုချိုဝင်း (၁၂/ ရကန(နိုင်) ၀၀၁၈၅၈ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369



### ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ လူနေရပ်ကွက်အမှတ်(၁)၊(၅)လမ်း၊ အိမ်အမှတ်(၆၂၀)ဟုခေါ်တွင်သော ဦးဆွေသန်း(D/RGN 005382)နှင့်ဦးခင်သန်း(YDN017793) တို့နှစ်ဦးအမည်ပေါက်ဂရန်ထွက်ရှိထားသည့် အလျား၂၅ ပေ x အနံ ၅၀ ပေရှိသည့်အနက်မှ မြေကွက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်ခြမ်း)ရှိ အလျား ၁၂ပေခွဲ x အနံ၅၀ပေရှိသည့်မြေပေါ်မှ အိမ်နှင့်မြေအပါအဝင်ရေ(ကိုယ်ပိုင်မော်တာ)၊ မီး(ကိုယ်ပိုင်မီတာ)တို့နှင့်ယင်းမြေနှင့်အိမ်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးအေးစိုး(၁၄/ဘကလ(နိုင်)၁၈၃၅၆၈)နှင့် ဒေါ်ခင်မာဦး(၁၄/ဘကလ(နိုင်)၁၈၃၅၈၄)တို့သည် လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန်အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဦးစိုးဝင်း[၁၂/လမန (ပြု)၀၀၀၃၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မြတ်နိုင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)
အမှတ်(၄၂/ဘီ)၊ မအူပင်လမ်း၊ ကျွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၉၂၀၀၃၅၊ ၀၉-၉၅၅၆၂၉၁၂၇


### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၆)၊ ဦးပိုင်အမှတ်(၁၇၃)ခဲစင်း၊ ၆၈X၆၉ ကြား၊ ၃၈X၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်မောင်၊ ဦးမင်းအောင်၏ (GP ရရှိသူ ဒေါ်ခင်အုန်းအုန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၈၇၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူဦးမောင်မောင်(ခ)ဦးမျိုးမင်း ၁/မမန(နိုင်)၀၀၃၁၅၈ က အမှုတွဲအမှတ်(၅၀၂၆/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**
**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၅ ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၄၇**

ဒေါ်ခင်မိုးကြည် နှင့် ၁။ ဦးဝင်းသိန်း
၂။ ဦးမျိုးမင်းမြတ်
၃။ ဒေါ်ဝင်းမာ

(ဒီကရီအနိုင်ရသူ) (တရားရှုံးများ)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးမြောက်၊ အကွက်အမှတ် (C–1 . C–2) နေ (၁) တရားရှုံး ဦးဝင်းသိန်း၊ (၂) တရားရှုံး ဦးမျိုးမင်းမြတ်၊ (၃)တရားရှုံး ဒေါ်ဝင်းမာ (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခင်မိုးကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် (၄) ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**
**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၄ ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၄၈**

ဒေါ်ခင်မိုးကြည် နှင့် ၁။ ဒေါ်စုစုမိုး
၂ ။ ဦးဖြိုးဝေစိုး
၃။ ဦးစိန်သောင်း

(ဒီကရီအနိုင်ရသူ) (တရားရှုံးများ)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးမြောက်၊ အကွက်အမှတ်(C–3)နေ (၁)တရားရှုံး ဒေါ်စုစုမိုး (၂) တရားရှုံး ဦးဖြိုးဝေစိုး (၃)တရားရှုံး ဦးစိန်သောင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်မိုးကြည် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် (၄) ရက်) မွန်းမတည့်မီ(၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ အလုံရပ်ကွက်၊ ကွင်းအမှတ် (၃၂၇/အလုံတောင်) ဦးပိုင်အမှတ် – ၅၊ (ရွှေတံခါး)၊ ဧရိယာ (၀.၁၁၀) ဧကရှိ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အမည်ပေါက်ပိုင်ရှင်များဖြစ်ကြပြီး၊ လက်ရှိထားနေထိုင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးအောင်ကျော်မြင့် (ဘ) ဦးဆန်းထွန်း (၅/မရန (နိုင်)၂၀၆၀၇၉)၊ ဒေါ်မေသဇင်ကို(ဘ) ဦးဝင်းကို (၅/မရန(နိုင်) ၂၁၀၃၆၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလှမျိုးအောင် (ဘ) ဦးမြင့်စိုး (၅/မရန(နိုင်)၁၅၃၂၀၄)နှင့် ဒေါ်လဲ့လဲ့ဝင်း (ဘ) ဦးကျော်စိုး (၁၂/သခန (နိုင်) ၀၉၆၀၄၀)တို့မှ (၂၇–၁–၂၀၂၆)ရက်၌ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါနေ့ရက်မှစ၍ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှမျိုးအောင်နှင့် ဒေါ်လဲ့လဲ့ဝင်းတို့သာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်သူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးဝင်းမြတ် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၃၀)**
**ဗိမ္မာန်တော်လမ်း၊ အလုံရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း–၀၉–၂၁၃၃၃၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ သလ္လာ(၂)ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေခင် (ဘ) ဦးသန်းမောင်(၅/မရန(နိုင်) ၀၅၄၈၃၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ သလ္လာ(၂)ရပ်ကွက်ရှိ အရှေ့လားသော်– ဒေါ်စန်းမြင့် နေအိမ်ဝင်းမြေ၊ အနောက်လားသော်– မြသစ္စာလမ်း၊ တောင်လားသော်– ဒေါ်စုဝင်းမြေ၊ မြောက်လားသော်– ဦးကျော်မြင့်အေး နေအိမ်ဝင်းမြေ ၎င်းအလားအလာလေးရပ်အတွင်းရှိ ကွင်း/အကွက်အမှတ်– (၂/၉၂)၊ အလျား ပေ(၂၀)ပေ x အနံပေ(၆၀) အကျယ်အဝန်းရှိ နေအိမ်ဝင်းမြေကွက်မှာ ကျွန်မ ဒေါ်ရွှေခင်တစ်ဦးတည်းကသာ လွန်ခဲ့သောနှစ်ပေါင်း(၂၀)ကျော်ကတည်းကစ၍ ယနေ့အချိန်ထိ လက်ရှိထားနေထိုင်အကျိုးခံစားလျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာမရှိကြောင်း၊ အကယ်၍ ကျွန်မ ဒေါ်ရွှေခင် လက်ရှိထား အကျိုးခံစားလျက်ရှိသည့် ယခုနေအိမ်ဝင်းမြေနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာကန့်ကွက်လိုလျှင် ကျွန်မထံ စာရွက်စာတမ်းအထောက်အထား အပြည့်အစုံ ယူဆောင်လာပြီး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ရွှေခင်** | **ဒေါ်အေးအေးအောင်** |
| **၅/မရန(နိုင်)၀၅၄၈၃၈** | **တရားလွှတ်တော်ရှေ့နေ** |
| **သလ္လာ(၂)ရပ်ကွက်၊ မုံရွာမြို့။** | **စဉ် – ၁၆၀၈၂/၂၀၁၉** |
| | **ယွန်းကျောင်းလမ်း၊ ဆူးလေကုန်းရပ်ကွက်၊** |
| | **မုံရွာမြို့** |
| | **ဖုန်း–၀၉– ၂၆၀၃၆၁၇၃၃** |

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေတိုင်း (၂၄)၊ မြေကွက်အမှတ် (သီးသန့်–၃)၊ ဧရိယာ (၀.၂၅၀) ဧကရှိ ဦးအောင်ကျော် (၁၂/ရကန(နိုင်)၀၅၀၈၅၅) (WPG Asia Myanmar Co.,Ltd.) အမည်ပေါက် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကုမ္ပဏီမှ ဖြစ်စေ၊ အခြားသူများမှဖြစ်စေ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက် အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးနန္ဒာနွယ် (LL.B, D.B.L, DQB, UK) (WIPO–101 Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၀၂၂၁)**
**အမှတ် (၄/၄၇၉) (က)၊ ဖိုးရာဇာလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း–၀၉–၅၀၆၈၇၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉/B (တောင်သူကုန်း)၊ မြေကွက်အမှတ်– ၁/အ–၃၀အေ၊ ဟိုက်ပတ်(၂)လမ်း၊ အမှတ်(၁၃၄၇)ဟု ခေါ်တွင်သော (အလျားxအနံ)(၅၅x၇၇)ပေပေါ်တွင် ဆောက်လုပ်ထားသော (အလျားxအနံ) (၂၄x၃၆)ပေ၊ (၈၆၀)Sqft၊ ပထမထပ်(Unit No. #1C) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုထားရှိသူ မြေရှင် ဦးသန်းရွှေ (၁၀/မဒန(နိုင်)၁၅၈၉၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် (၃၀–၁–၂၀၂၆)ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမြေ့ဦး LL.B, D.B.L, D.I.L, D.M.L**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၂၅၁၄) (၁၆–၅–၂၀၀၇)**
**အမှတ်(၈၃၇)၊ ဒုတိယထပ်၊ သုခိတာလမ်းသွယ်၊ မဟာသုခိတာလမ်းမကြီး၊**
**အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ရုံးဖုန်း–၀၁–၃၆၄၃၂၉၆, ၀၉– ၂၆၂၄၅၈၃၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုး၊ ကွင်းအမှတ်(၆၈၁/ဂ)၊ ဦးပိုင်အမှတ် (၂၉၅)၊ ဧရိယာ (၂.၃၈) ဧကထဲမှ အကျယ်အဝန်း အရှေ့(၅၁)ပေ၊ အနောက်ပေ(၅၀)၊ တောင်(၅၈)ပေ၊ မြောက်(၅၉)ပေရှိအကွက်အမှတ်(A–2) ဟုခေါ်တွင်သည့် မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် ဒေါ်ချိုချိုမြင့် (၉/မမန(နိုင်)၀၇၆၉၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သောဒေါ်ခင်မျိုးသူ (၁၂/ဥကတ(နိုင်)၁၈၉၂၆၇)မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ပိုင်**
**(စဉ်–၁၉၅၈၃) တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း–၀၉– ၄၄၉၃၆၉၄၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၁၃၆၅၀, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ထူး ၆/မမန(နိုင်) ၁၇၃၉၀၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၅၁၃၂၁, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၆/မမန(နိုင်)၁၇၈၂၄၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၆၃၄၂၆, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၆/မမန(နိုင်)၁၇၀၅၈၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၈၅၉၉၉, Honda Wave 110 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၆/မမန(နိုင်)၁၂၇၄၀၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ရန်ကုန်အထိုင်လက်ကားမြေသြဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

